ဓမ္မစရိယာစ တေံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်၌ ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရိကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုသည့် သွေးရင်းသားချင်းများ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်း နေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခု ဆိုသည့်အတိုင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင် ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စု စိတ်ဓာတ်တွင် အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာစုဖော့ဒီရာကိုဆာလ်သည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဧည့်ဂေဟာသို့ သွားရောက်၍ ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာစုဖော့ဒီရာကိုဆာလ်အား ကုန်းမြင့်သာရှိ ဧည့်ဂေဟာ သီရိပိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

နိုင်ငံတော်၏ စီးပွားရေးစွမ်းအား တိုးတက်မြင့်မားရေး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းစွမ်းအားများကို အခြေခံကာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေးကဏ္ဍ၌ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးစွမ်းအား မြင့်တင်နေချိန်တွင် လယ်ယာစိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရေးနှင့် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသည်။ နိုင်ငံတော်၏ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်း ထူထောင်ရေးအပါအဝင် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းရှင်များ၏ စက်မှုထူထောင်ရေးလုပ်ငန်းများကိုပါ တစ်ပြိုင်နက် အကောင်အထည်ဖော် ပေးနေသည်။ ပုဂ္ဂလိကစက်မှုကဏ္ဍမြင့်တင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန် ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများ ဖွဲ့စည်းထူထောင်ပေးပြီး သွင်းအားစုများဖြည့်ဆည်းရေး၊ စက်ကိရိယာဖြည့်ဆည်းနိုင်ရေးအတွက်ပါ အထောက်အကူပေးလျက်ရှိသည်။

ထိုကဲ့သို့ စိုက်ပျိုးရေးစွမ်းအား၊ စက်မှုစွမ်းအားမြင့်တင်ရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးလာရေးသည်လည်း အဓိကဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတော်က ကုန်ထုတ်လုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝတို့၌ လိုအပ်နေသည့် စွမ်းအင်ကို လုပ်ငန်းများ တိုးချဲ့သည်နှင့်အမျှ လိုက်လျောညီထွေပြည့်မီရရှိစေရန် စီမံကိန်းများချမှတ် အကောင်အထည်ဖော်ပေးနေသည်။ စွမ်းအင်ကဏ္ဍအတွက် နိုင်ငံတော်၏ သဘာဝအရင်းအမြစ် စွမ်းအင်ရတနာသိုက် အသစ်များကို အမြဲမပြတ် ရှာဖွေထုတ်လုပ်လျက်ရှိသည်။ မူလသဘာဝ စွမ်းအင်ရတနာသိုက်များအပြင် ၁၉၉၉ခုနှစ်အတွင်း ညောင်တုန်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၁ခုနှစ်အတွင်း သာကြီးတောင်၊ စံပယ်တောင် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၂ခုနှစ် ဩဂုတ်လအတွင်း အင်းတော်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလအတွင်းက ရခိုင်ကမ်းလွန်ဒေသတွင် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့အတူ စက်မှုလုပ်ငန်းများတိုးချဲ့မှု၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့မှု၊ မြို့ပြများ၏အလျင်အမြန် ဖွံ့ဖြိုးလာမှုကြောင့် လိုအပ်နေသည့် လျှပ်စစ်စွမ်းအား အလုံအလောက် ရရှိရေးအတွက် စီမံကိန်းများကို တစ်ပြိုင်နက် အကောင်အထည်ဖော်နေသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ် မတိုင်မီကာလအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံစီမံကိန်းများက စုစုပေါင်းတပ်ဆင် စက်အင်အား ၅၈၈မဂ္ဂါဝပ်ကျော်ရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်း၌ တည်ဆောက်ခဲ့သည့် စီမံကိန်းများက တပ်ဆင်စက်အင်အား ၅၆၀ မဂ္ဂါဝပ်ကျော် ထပ်မံတိုးချဲ့ထုတ်လုပ်ခဲ့သည်။ ယခုအခါ ရေအားလျှပ်စစ်စီမံကိန်း ကိုးခုမှ တပ်ဆင်စက်အင်အား ၁၇၉၀ မဂ္ဂါဝပ်၊ ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းတစ်ခုက တပ်ဆင်စက်အင်အား ၁၂၀မဂ္ဂါဝပ် စုစုပေါင်း ၁၉၁၀မဂ္ဂါဝပ်ထုတ်လုပ်ရန် တည်ဆောက်နေဆဲဖြစ်သည်။အဆိုပါ တည်ဆောက်ဆဲ စီမံကိန်းများအနက် ပေါင်းလောင်း၊ မုန်းချောင်းနှင့် တီကျစ်စီမံကိန်း သုံးခုမှာ မကြာမီ ပြီးစီးတော့မည်ဖြစ်ရာ ၄၇၅ မဂ္ဂါဝပ်တိုးချဲ့ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၃၁ရက်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာ၌–

"ဆည်မြောင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများအားလုံး စနစ်တကျဖြင့် ပြီးမြောက်ရေး၊ ရေရှည်ခိုင်ခံ့ရေး၊စံချိန်စံညွှန်းမီရေးတို့အတွက် ကြပ်ကြပ်မတ်မတ် စီမံဆောင်ရွက်ကြရန်"

မှာကြားသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁မိုင်အကွာပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ စီမံကိန်း ပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်းကိုလည်း ထုတ်ပေးသွားနိုင်မည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစွမ်းအား တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကဏ္ဍအလိုက် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖေဖော်ဝါရီ ၄ရက်နှင့် ၅ရက်များ၌ ကျင်းပမည့် အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ တွဲဖက်ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ဝင်းမြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဒင်ဖယ်အောဘယ်လ်တို့ လိုက်ပါသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မဟာရွှေမြင့်မိုရ် စူဠာမဏိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစိတ္တာဗလ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး ဦးစီးကျင်းပသော မဟာရွှေမြင့်မိုရ် စူဠာမဏိ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သုံးရက်တိုင်တိုင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ရက်အထိ ညနေ ၅ နာရီမှစတင်၍ ပြည်မြို့ပေါ်ရှိ ဓမ္မစကြာဝတ်အသင်းအဖွဲ့များက နေ့စဉ်အလှည့်ကျ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၅ နာရီတွင် ပင့်သံဃာတော် ၁၀၈ ပါးတို့အား နှမ်းမနဲအရဏ်ဆွမ်းဆက်ကပ်ပြီး နံနက် ၆ နာရီခွဲတွင် မဟာရွှေမြင့်မိုရ်စူဠာမဏိ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒက ကြီးမှူး၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး နံနက် ၈ နာရီမှ စတင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စေတီတော်ရင်ပြင်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဘီးလင်းမြို့လုံးဆိုင်ရာ စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

၁၃၆၅ခုနှစ် အကြိမ် (၃၀)မြောက် ပေါက်တောကျေးရွာ တောရစာသင်တိုက်တွင် ဘီးလင်းမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိ သံဃာအပါး ၅၀၀ စာပြန်ပွဲနှင့် ရေးဖြေပွဲကို ဖေဖော်ဝါရီ ၈ရက်၊၉ရက်၌ ကျင်းပပြီး ဖေဖော်ဝါရီ ၁၀ရက်တွင် စာအောင်ဆုနှင်းမည်ဖြစ်သည်။ စာပြန်စာဖြေပွဲ မတိုင်မီ ဖေဖော်ဝါရီ ၆ ရက်မှစ၍ တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆုချီးမြှင့်

ဇန်နဝါရီ ၂၆ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ရန်ကုန်တိုင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတွင် ပထမဆုရရှိသော ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပေါက်ကျော်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာစူဖော့ဒီရာကိုဆာလ် ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အဘိဓမ္မာသင်္ဂြိုဟ်သင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် နှစ်စဉ်ကဲ့သို့ အဘိဓမ္မာသင်္ဂြိုဟ်သင်တန်းနှင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်နိဿယကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီမှစ၍ အပတ်စဉ် စနေနေ့တိုင်း သင်တန်းပို့ချမည်ဖြစ်၍ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ (က-ပ)

ယူနီဆက်ဖ်ဆောင်ရွက်မှုလုပ်ငန်းများအတွက် ငွေကျပ် ၁၅၄၆၆၃၅ ကတိကဝတ်ပြုခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၃

နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ၂၀၀၃ခုနှစ် ယူနီဆက်ဖ် ကတိကဝတ်ပြုမှုဆိုင်ရာညီလာခံ၌ မြန်မာနိုင်ငံက ယူနီဆက်ဖ်ဆောင်ရွက်မှု လုပ်ငန်းများအတွက် ငွေကျပ် တစ်သန်းငါးသိန်းလေးသောင်းခြောက်ထောင့်ခြောက်ရာသုံးဆယ်ငါးကျပ်ကို ကတိကဝတ်ပြုခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁၀/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ သင်တန်းသား တက္ကသိုလ်များမှ ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင်အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နည်းဥပဒေများ၊ စေ့စပ်ညှိနှိုင်းခြင်းပညာများ၊သံတမန်ရေးရာပညာများကို အထူးပြုပို့ချသွားမည်ဖြစ်သည်။သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင်များက အလှူငွေနှင့် Intercom များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေနှင့် အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး အမျိုးသမီးအဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်စိုးသာနှင့် ဦးအောင်ဇော်ရဲမြင့်တို့ကငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ Intercomများ၊ ဦးကိုလတ်-ဒေါ်ဌေးဌေး မိသားစုက ငွေကျပ် ၁၀၀၀၀၀တို့ကို လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌနှင့်အတူ ဧည့်သည်တော်၊ အလှူရှင်များ ခန်းမအတွင်း ပြသထားသောအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ခွန်အားသစ်များဖြစ်စေသတည်း

* ရောဝတီ၊ မြစ်နဒီ၏
ချိုကြည်အေးမြ၊ တေးဆိုပြသံ
နားဆင်ခံစား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။

* ရိုးမတစ်ကြော၊ မြသစ်တောတွေ
ရွှေနှင့်မခြား၊ စပါးသီးနှံ
မြန်မာ့စီးပွား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။

* လမ်းနှင့်တံတား၊ များမှများရဲ့
အရှေ့နဲ့အနောက်၊ တောင်မြောက်ဥဒဟို
ဘယ်ကိုသွားသွား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။

* ပြည်ထောင်စုအလှ၊ ဒေသအားလုံး
အပြုံးပွင့်တွေ၊ ဝေဖူးသစ်လွင်
အလှဆင်ထား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။

* ပင်လုံမြေမှ၊ စ၍သန္ဓေတည်
စည်းလုံးညီက၊ အောင်ပွဲရသည့်
အမိမြေဖွား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။

* ပြည်ထောင်စုကြီး၊ ခရီးရှေ့ဆက်
တွဲလက်မြဲမြဲ၊ သန္နိဋ္ဌာန်ဖြင့်
အားမာန်ဝင့်ကြွား၊ ပြည်ထောင်သားတို့
ခွန်အားသစ်များဖြစ်စေသတည်း။ ။

ဟသ်ာတမြင့်ငွေ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစာတမ်းရှင် သုတေသီပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

▼*ဖွံ့ဖြိုးတိုးတက်မှုမှ*

အမျိုးသားအကျိုးစီးပွား

သုတေသနညီလာခံဖွင့်ပွဲတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးဆိုသည့် မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်ကိုချမှတ်ပြီး အမျိုးသားကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရအောင် ဘက်စုံကဏ္ဍစုံက အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် ယခုလို ကျန်းမာရေး ကဏ္ဍနယ်ပယ်စုံက သုတေသီပညာရှင်များစုံစုံညီညီ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် ကျန်းမာရေးဆိုင်ရာ သုတေသီပညာရှင်များ၏ ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်ထက်မြက်မြင့်မားမှုနှင့် အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖော်ဆောင်မှုတို့ကို များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အကျိုးရလဒ်ကောင်းများဖြစ်ထွန်း

ယခုလို မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများ နှစ်စဉ်မပျက် ကျင်းပနိုင်လျက်ရှိခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သုတေသနပြုလုပ်တွေ့ရှိချက်များကို သုတေသီပညာရှင် အချင်းချင်း အတွေ့အကြုံများ နှီးနှောဖလှယ်နိုင်မှုနှင့် သုတေသနပြုလုပ်တွေ့ရှိချက်များကို ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်အသီးသီးတွင် အကျိုးရှိထိရောက်စွာအသုံးချနိုင်မှုတို့ အပါအဝင် အကျိုးရလဒ်ကောင်းများစွာကို ရရှိဖြစ်ထွန်းစေမှာလည်း ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မြှင့်တင်ပေးရာတွင် သုတေသနနှင့်ဖွံ့ဖြိုးမှု(Research and Development)သည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်အထောက်အကူပြုလျက်ရှိခြင်းကြောင့် ယနေ့အချိန်အခါတွင်သုတေသီပညာရှင်များအတွက်သာမက နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲသူများအတွက်ပါ အလွန်အရေးပါလှကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် အဆင့်မြင့်သုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်ရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ပေးရေးကို အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ယှဉ်တွဲပြီး အဆင့်မြင့်သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရအောင် အားပေးဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုတို့ကို အလေးထား အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အထူးပြုဆောင်ရွက်မည့် ဆေးသုတေသန ဦးစီးဌာနများကို ရန်ကုန်မြို့တော်တွင်သာမက အထက်မြန်မာပြည်နှင့် မြန်မာပြည်အလယ်ပိုင်းတို့မှာပါတိုးချဲ့ပြီး ဦးစီးဌာနသုံးခုအထိ ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

စနစ်တကျကြိုးပမ်း

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို အပြည့်အဝရရှိခံစားနိုင်စေရန် ပြည်သူအများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက်လည်း စနစ်တကျစီမံချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန်အတွက် မျှော်မှန်းလျက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ၊ နိုင်ငံတကာ အဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးကိရိယာများကို ကျန်းမာရေးကဏ္ဍတွင် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်စေရအောင်၊ ထူးချွန်ထက်မြက်သော ကျန်းမာရေးဆိုင်ရာ အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဘက်စုံကဏ္ဍစုံတွင် စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို ကျန်းမာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်၊ ရည်မှန်းချက်များ၊ ကြီးမားကျယ်ပြန့်သော အမျိုးသားကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးအစီအမံများ၊ သိမ်မွေ့နက်ရှိုင်းသည့် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး တိုးမြှင့်ပေးရေးလုပ်ငန်းများ အားလုံးတွင် အမျိုးသားရေး မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

သုတေသနကဏ္ဍဦးဆောင်

ကျန်းမာရေးဆိုင်ရာ ကဏ္ဍများအားလုံး ဆီလျော်ညီညွတ်စွာ အချင်းချင်း အပြန်အလှန် အကျိုးပြုတိုးတက်ဖြစ်ထွန်းလာစေရန်၊ ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့ဆေးပညာအဆင့်အတန်းနှင့် လိုက်လျောညီထွေစွာ အမျိုးသားရေးကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတကာနည်းပညာ တိုးတက်ဖြစ်ပေါ်မှုများနှင့် တစ်ပြေးညီ ခေတ်မီဆန်းသစ်သော နည်းပညာရပ်များကို ကျန်းမာရေးကဏ္ဍတွင် အသုံးပြုနိုင်စေရန်စသည့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအားလုံးကို အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကျန်းမာရေးဆိုင်ရာ သုတေသနကဏ္ဍက ဦးဆောင်သွားနိုင်ရန် အထူးလိုအပ်မှာဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမှုတို့ကတစ်ဆင့် ပိုမိုသိမ်မွေ့နက်ရှိုင်းစွာ ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာအမျိုးမျိုး၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှု၊ ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုတို့က ဖန်တီးလာလျက်ရှိသည့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန်လည်း လိုအပ်မှာဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီတိုးတက်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကာလမှာ ရင်ဆိုင်ကြုံတွေ့ရမည့် ဆန်းပြားသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်အမျိုးမျိုး၊ ပြဿနာအမျိုးမျိုးကို ဖြေရှင်းနိုင်စေမည့် အရည်အသွေးမြင့်မားသော ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်အတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က တိုးချဲ့ဖွဲ့စည်း

ယခုဆိုရင် တိုးပွားဆန်းပြားလာသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးနှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသွေးသုတေသနဌာန(National Blood Research Center)၊ အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန(National Poison Control Center)နှင့် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံတို့ကဲ့သို့သော အထူးပြုဌာနများကို နိုင်ငံတော်အစိုးရက တိုးချဲ့ဖွဲ့စည်းတည်ဆောက်ပေးထားပြီးလည်းဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် သုတေသန လုပ်ငန်းကဏ္ဍများအလိုက် လိုအပ်သော အဆင့်မြင့်လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ ခေတ်မီဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများကို နိုင်ငံတော်ဘဏ္ဍာငွေမြောက်မြားစွာ ကုန်ကျခံပြီး ဖြည့်ဆည်းတပ်ဆင်ပေးထားပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ခန္ဓာကိုယ်အတွင်းရှိ ဆေးများတိုင်းတာသည့် Capillary Electrophoresis ခေါ်သည့် Automatic Micro Drug Analyzer၊ ပိုးသတ်ဆေးများ၊ စက်ရုံစွန့်ပစ်ပစ္စည်းများမှာ အဆိပ်ပစ္စည်းများ တိုင်းတာသည့် Gas Chromatography Mass Spectrophotometer၊ အော်ဂဲနစ်ပစ္စည်းများ တိုင်းတာသည့် High Performance Liquid Chromatography, UV-VIS Spectrophotometer, Flourescent Spectrophotometer၊ အင်အော်ဂဲနစ်ပစ္စည်းများ တိုင်းတာသည့် Atomic Absorption Spectrophotometer၊ အဆိပ်ပစ္စည်းများခွဲခြားနိုင်သည့် Microfuge 22 R စသည့် ခေတ်မီစက်ကိရိယာပစ္စည်းများ အသုံးပြုပြီး အဆင့်မြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

ခေတ်မီစက်ကိရိယာတပ်ဆင်ပေးထား

အလားတူပင် သွေးများခွဲခြမ်းစစ်ဆေးရာတွင် အသုံးပြုသည့် Pantro-60 Haematology Analyzer၊ အသည်းရောင်အသားဝါ(ဘီ)ပိုးတိုင်းတာသည့် Eliza Reader၊ ဓာတုပစ္စည်းများ ခွဲခြမ်းစိတ်ဖြာရာတွင်သုံးသည့် Microwave Lab Station၊ အစားအသောက်များမှာ ပါဝင်သည့် အာဟာရဓာတ်များရှာဖွေသည့် Near Infrared Analyzer၊ လေထဲရှိ မကောင်းသောဓာတ်ငွေ့များကို တိုင်းတာနိုင်သည့် Infrared Gas Monitor စသည့် ခေတ်မီစက်ပစ္စည်း ကိရိယာများ တပ်ဆင်ပေးထားပြီးလည်းဖြစ်ကြောင်း။

ယခုလို အဆင့်မြင့်သုတေသနလုပ်ငန်းသုံးခေတ်မီစက်ပစ္စည်းကိရိယာများဝယ်ယူတပ်ဆင်ခြင်းအတွက် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် နှစ်နှစ်အတွင်းမှာပင် နိုင်ငံတော်ဘဏ္ဍာငွေက အမေရိကန် ဒေါ်လာ ခုနစ်သိန်းနီးပါး ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

JICA,KOICA,IAEA စသည့် ပြည်ပမှထောက်ပံ့မှုများဖြင့် အဆင့်မြင့် သုတေသနသုံးပစ္စည်းများလည်း တပ်ဆင်ပေးထားပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် မြန်မာသုတေသီပညာရှင်များအနေဖြင့် ဘက်စုံကဏ္ဍစုံတွင် ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်သုတေသနလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့အပြင် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ သန်း ကျခံတည်ဆောက်လျက်ရှိသည့်အတွက် မကြာမီသောကာလတွင် သွေးရည်ကြည်မှထုတ်လုပ်သော အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးသာမက DNA နည်းပညာသုံးထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးပါထုတ်လုပ်နိုင်တော့မည့် အခြေအနေ ရောက်ရှိနေပြီးဖြစ်ကြောင်း။

အဆင့်အတန်းမြင့်

ယခုလို ခေတ်မီသုတေသန လုပ်ငန်းသုံးကိရိယာများ၊ လိုအပ်သော သုတေသနဆိုင်ရာ အခြေခံအဆောက်အအုံများကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်အခါတွင် မြန်မာသုတေသီပညာရှင်များအနေဖြင့် ကာကွယ်ဆေးသုတေသန (Vaccine Research)၊ သွေးဗေဒ သုတေသနနှင့် အဆိပ်ဆိုင်ရာ သုတေသနတို့ကို အဆင့်အတန်းမြင့်မြင့် ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

၂၀၀၃ ခုနှစ်အတွင်း ထူးခြားသော တိုးတက်ဖြစ်ထွန်းမှု တစ်ရပ်အနေဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငှက်ဖျားသုတေသနဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဌာန (WHO Collaboration Center for Malaria)အဖြစ် မကြာမြင့်မီက အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အတွက်ဂုဏ်ယူဖွယ်ဖြစ်

လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံ၏ ဦးစားပေးကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည့် ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး ငှက်ဖျားရောဂါဆိုင်ရာ ကပ်ပါးပိုးဗေဒသုတေသန၊ ရောဂါဗေဒသုတေသန၊ ဆေးဘက်ဆိုင်ရာ ကိုမိလသုတေသန၊ ဆေးလက်တွေ့သုတေသန၊ လူမှုရေး သုတေသန စသည့် သုတေသနကဏ္ဍစုံတွင် သုတေသနလုပ်ငန်းပေါင်း ၄၀၀ ကျော်ကို အောင်အောင်မြင်မြင်၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုလိုကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အသိအမှတ်ပြုခြင်းခံရခြင်းသည်သက်ဆိုင်ရာ သုတေသီပညာရှင်များအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်ဟု ဆိုရမှာဖြစ်ကြောင်း။

ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ မျိုးပွားကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မြန်မာနိုင်ငံအနာကြီးရောဂါကင်းဝေးရေး အထောက်အကူပြုသုတေသနလုပ်ငန်းများ စသည့် သုတေသနလုပ်ငန်းအမျိုးမျိုးကို အောင်အောင်မြင်မြင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် သုတေသနကဏ္ဍကနေ ထိထိရောက်ရောက် အထောက်အကူပြုနိုင်လျက်လည်းရှိတာတွေ့ရကြောင်း။

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို အဆင့်အတန်းမြင့်မြင့်မားမားနှင့် တိုးမြှင့်ဆောင်ရွက်လျက်လည်းရှိကြောင်း၊ ဦးစားပေးရောဂါကြီး ခြောက်မျိုးကို တိုင်းရင်းဆေးဖြင့် ထိရောက်စွာကုသပေးနိုင်ရေးဦးတည်ချက်ထားပြီး တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် ဤရောဂါကြီးခြောက်မျိုးအတွက် အာနိသင်ထက်မြက်သော တိုင်းရင်းဆေးများ သိပ္ပံနည်းကျထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

သုတေသီပညာရှင်များပူးပေါင်း

ထို့ကြောင့် ယနေ့အချိန်အခါလို နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ သုတေသီပညာရှင်များ၏

စာမျက်နှာ ၁၁ ကော်လံ ၁

ကာဘာလာအနောက်တောင်ဘက်ရှိ လက်နက်သိုလှောင်ရုံ ပေါက်ကွဲ
ပေါက်ကွဲမှုပြင်းထန်သဖြင့် လူ ၂၀သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

ကာဘာလာမြို့ အနောက်တောင်ဘက် မိုင် ၁၁၀ အကွာရှိ သဲကန္တာရဒေသတွင်ရှိသော လက်နက်ခဲယမ်း သိုလှောင်ရုံ ဖေဖော်ဝါရီ ၁ရက်က ပြင်းထန်စွာပေါက်ကွဲသဖြင့် လူ ၂၀ကျော်သေဆုံးကြောင်း ပိုလန်စစ်ဘက် အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ လက်နက်ခဲယမ်း သိုလှောင်ရုံရှိရာ သဲကန္တာရ ဒေသသည် ပိုလန်တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော ဒေသ ဖြစ်သည်။ လုယက်သူများက လက်နက်သိုလှောင်ရုံအတွင်း သို့ စီးနင်းဝင်ရောက်ခဲ့ရာမှ ထိုသို့ ပေါက်ကွဲမှုကြီးဖြစ်ပွားကာ သေဆုံးကြရခြင်းဖြစ်သည်ဟု အီရတ်ရှိ တပ်ဖွဲ့ပေါင်းစုံ၏ ပိုလန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လက်နက်သိုလှောင်ရုံအတွင်းသို့ စီးနင်းဝင်ရောက်လာသူများကို ရေဒါ၌တွေ့နေရသော်လည်း ထိုအုပ်စု၌ မည်မျှပါရှိသည်ကို အတိအကျမပြောနိုင်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

ပိုလန်သတင်းဌာနပီအေပီက အစောပိုင်း၌ ပိုလန် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ရောဘတ်စတာဇီ လက်ကီကိုက ကိုးကားလျက် ပေါက်ကွဲမှုကြောင့် လူ ၂၀ခန့် သေဆုံးနိုင်ကြောင်း ဖော်ပြခဲ့သည်။

စောင့်ကြပ်

အဆိုပါ လက်နက်ခဲယမ်းသိုလှောင်ရုံသည် ယခင်က ဆက်ဒမ်ဟူစိန်၏ စစ်တပ်အသုံးပြုခဲ့သော သိုလှောင်ရုံဖြစ်ပြီး ယခုအခါ ပိုလန်တပ်ဖွဲ့ဝင် ၈၀ စောင့်ကြပ်လျက်ရှိသည်။

(အင်တာနက်)

အီရတ်မြို့ကြီးများတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံ၌ မြို့ကြီးများတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် ပြီးခဲ့သော သီတင်းပတ်ကုန်ရက်များ ၌ စုစုပေါင်း လူ ၁၈ ဦး သေဆုံးခဲ့သည်။ မြောက်ပိုင်းမြို့ အာဘီလ်ရှိ ကာ့ဒ်ပါတီဌာနချုပ်ရုံး နှစ်ရုံးတို့အား အသေခံဗုံး ခွဲမှု နှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခြောက်ဆယ်ကျော် သေဆုံးခဲ့သည်။

သေဆုံး

ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်စခန်းအနီး မော်တာ ကျည်ဆန်များ ပေါက်ကွဲမှုကြောင့် ပါလက်စတိုင်းလေးဦး နှင့် အီရတ်တစ်ဦးသေဆုံးခဲ့သည်။

ပေါက်ကွဲ

မိုဆူးလ်မြို့တွင်လည်း ရဲစခန်းရှေ့ကားဗုံးပေါက်ကွဲမှု ကြောင့် လူကိုးဦးသေဆုံးကာ ဘဂ္ဂဒက်မြောက်ဘက်၌ အမေရိကန်ယာဉ်တန်းအနီး ပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။

(စီအက်ဖ်အိုင်)

လုံခြုံရေးဆောင်ရွက်

ဖေဖော်ဝါရီ ၂ရက်ညက အာဘီလ်မြို့ လမ်းမကြီး တစ်ခုတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲမတိုင်မီကာလ ထောက်လှမ်းရေးသတင်းများကို စုံစမ်းစစ်ဆေးပေးရန် ဘလဲနှင့် ဘုရှ်အပေါ် ဖိအားပေးမှုများ တိုးလာလျက်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂

အီရတ်ကို အမေရိကန်ဦးဆောင်သော စစ်ပွဲအားထောက်ခံမှု တရားမျှတကြောင်းဖြစ်စေရန် ဝန်ကြီးချုပ်တိုနီဘလဲ၏ အစိုးရက ဖော်ညွှန်းခဲ့သော အီရတ်စစ်ပွဲမတိုင်မီကာလ ထောက်လှမ်းရေးသတင်းများကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ဗြိတိသျှပြည်သူများက လိုလားကြကြောင်းကို တနင်္ဂနွေနေ့က ကောက်ယူခဲ့သော ဆန္ဒသဘောထား စစ်တမ်းသစ်၌ ဖော်ပြထားသည်။

ဖိအားပေးမှုတိုးလာ

အလားတူ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် အမိန့်အာဏာပေးရန် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကျော်ပြီး သမ္မတဂျော့ဒဗလျူဘုရှ်အပေါ်လည်း ဖိအားပေးမှုများ တိုးလာလျက်ရှိသည်။ သည်မေးလ်သတင်းစာနှင့် ဆန်းဒေး တိုင်းမ်သတင်းစာတို့၌ ဖော်ပြခဲ့သော စူးစမ်းလေ့လာချက်နှစ်ရပ်တွင် စုံစမ်းစစ်ဆေးမှုလုပ်ရန် လိုလားသော ရာခိုင်နှုန်းသည် ၆၁နှင့် ၅၄အသီးသီး ရှိသည်။

ယခုကဲ့သို့ ကောက်ယူရရှိသည့် သဘောထားစစ်တမ်းသည် ဗြိတိသျှအတိုက်အခံ နိုင်ငံရေးသမားများနှင့် စစ် ဆန့်ကျင်ဆန္ဒပြသူများ၏ စုံစမ်းပေးရေးတောင်းဆိုချက်များကို ပို၍အားဖြည့်ပေးခဲ့သည်ဟု ဆိုသည်။

ဖုံးဖိထား

ယခုပြုလုပ်ခဲ့သော သဘောထားစစ်တမ်းများက ဟတ်တွန်၏ အစီရင်ခံစာအပေါ် ကျယ်ကျယ်ပြန့်ပြန့် သံသယရှိကြောင်းကို ဆန်းဒေးတိုင်းမ်၌ ဖော်ပြထားရာ ၅၅ ရာခိုင်နှုန်းရှိသော ဗြိတိန်တို့က တရားသူကြီး၏ ရှာဖွေ တွေ့ရှိချက်သည် အစိုးရကို ဖုံးဖိဖာထေးထားကြောင်း ယုံကြည်ခဲ့ကြသည်။ သည်မေးလ် သတင်းစာ၌ဖော်ပြထားသော လူထုသဘောထား စစ်တမ်းတွင် ၆၁ ရာခိုင်နှုန်းက အစိုးရသည် ထောက်လှမ်းရေးသတင်းများကို ပုံကြီးချဲ့ထားကြောင်း ယုံကြည်ကြသည်။

အမ်အင်အေ၊ ရိုက်တာ

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၂ဦး ရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက စတင်တိုက်ခိုက်ခဲ့ချိန်မှစ၍ အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ဖေဖော်ဝါရီ ၂ရက် တနင်္လာနေ့ရောက်ချိန်၌ ၅၂၂ဦး ရှိခဲ့ရာ ၃၆၃ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၅၉ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံး ခြင်းဖြစ်သည်။

မေလ ၁ ရက်၌ သမ္မတဘုရှ်က စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့သည့်နောက်ပိုင်း အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၄ဦး ဖြစ်ပြီး ယင်းအနက် ၂၄၈ ဦးသည် တိုက်ပွဲ၌သေဆုံးခြင်းဖြစ်၍ ၁၃၆ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။ စစ်ပွဲစသည်မှ တိုက်ပွဲ၌ဒဏ်ရာရ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၂၅၉၀ ဖြစ်ပြီး တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရသော ဦးရေမှာ ၄၀၂ ဦး ဖြစ်သည်။

(အင်တာနက်)

အယ်ဂျာဇီယာ ရုပ်မြင်သံကြား အသံလွှင့်ဌာန ဒုတိယအကြိမ် တားမြစ်ပိတ်ပင်ခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁

အမေရိကန်တို့ တင်မြှောက်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီ က စနေနေ့တွင် ထုတ်ပြန်ချက်တစ်ရပ်ပြုလုပ်ပြီး အယ်ဂျာဇီယာ ရုပ်မြင်သံကြား ဌာနကို အစိုးရဆိုင်ရာများနှင့် သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်ခွင့် မပြုကြောင်း၊ တစ်လတာ တားမြစ်ပိတ်ပင်ကြောင်း ကြေညာခဲ့သည်။

ထိုရုပ်သံသတင်းဌာနသည် အရှေ့ အလယ်ပိုင်းဒေသတွင် လူကြိုက်များ သော သတင်းဌာနတစ်ခု ဖြစ်သည်။ ထိုရုပ်မြင်သံကြားဌာနက ထင်ရှား သော အီရတ်ပုဂ္ဂိုလ်များအပေါ် စော်ကား မော်ကား ပြုမှုခဲ့သည်အတွက် ယခုကဲ့ သို့ တားမြစ်ချက်ထုတ်ကာ အပြစ်ပေး ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ထိုတားမြစ်ချက်သည် ဗုဒ္ဓဟူး နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်သည်။ စက်တင်ဘာလမှစ၍ ရေ တွက်လျှင် ယခုတားမြစ်ချက်သည် အယ်ဂျာဇီယာ ရုပ်သံဌာနအတွက် ဒုတိယအကြိမ် တားမြစ်ခံရခြင်းပင် ဖြစ်ကြောင်း သိရသည်။

အယ်ဂျာဇီယာ ရုပ်သံသတင်း ဌာနသည် ကာတာနိုင်ငံတွင် အခြေ စိုက်သော သတင်းဌာနဖြစ်သည်။ ၎င်း ဌာန၏ ညွှန်ကြားရေးမှူး ဂျီဟာက်ဘာ လောက်က ယခုကိစ္စသည် အကြောင်း မသင့်၍ ပေါ်ပေါက်လာရသော ကိစ္စ သာဖြစ်သည်ဟုဆိုသည်။

ပြောကြား

ထို့ပြင် မိမိ ဌာနသည်သတင်း သမားပီသစွာ လုပ်ငန်းလုပ်ဆောင်ရန် အားထုတ်ကြိုးစားနေခြင်းသာ ဖြစ်ပေ သည်ဟု အေပီသတင်းဌာနသို့ ပြော ကြားခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)



လေယာဉ်များအသုံးပြု၍ တိုက်မည်စိုးရိမ် အတ္တလန္တိတ်ဖြတ် ခရီးစဉ်များကို ဖျက်သိမ်းရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အမေရိကန်သို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော် ပြီး ဥရောပမှပျံသန်းလာသော ကုန်သွယ်လေကြောင်းများ ဖြင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ရေဒီယိုဓာတ်ကြွလက်နက်များ သယ်ဆောင်လာမည်ကို စိုးရိမ်ရသောကြောင့် လေဆိပ် များ၏ လုံခြုံရေးကို တင်းကျပ်ထားလိုက်ကြောင်း သိရ သည်။ ဗြိတိသျှ၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံများသို့ ပျံသန်းမည့်ခရီးစဉ် ၁၀ခုကို လုံခြုံရေး အကြောင်းများ ကြောင့် ဖျက်သိမ်းခဲ့သည်။

ဗြိတိန်၊ အမေရိကန်နှင့် ပြင်သစ်နိုင်ငံများသည် သတင်းဖလှယ်ရေး အစီအစဉ်များအရ လုံခြုံရေးအတွက် အန္တရာယ်ရှိနိုင်သော ခြိမ်းခြောက်မှုသတင်းများ ရရှိခဲ့ကြ သောကြောင့် သက်ဆိုင်ရာက လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၁ရက်က စပိန်လိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ပြုလုပ်ရာ ရီးယဲမက်ဒရစ်နှင့် ဘော်လာဒို လစ် အသင်းတို့ ယှဉ်ပြိုင်ပွဲတွင် ရီးယဲမက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒို ထိုးဖောက်ကစားစဉ်။(ယင်းပွဲ တွင် ရီးယဲမက်ဒရစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အင်အားအသုံးပြု တိုက်ခိုက်ခဲ့မှုများကြောင့် အပြစ်မဲ့အီရတ်ပြည်သူအများအပြားသေကျေခဲ့ရ

၂၀၀၃ခုနှစ် မတ် ၂၀ ရက်မှစပြီး အမေရိကန်နှင့်အပေါင်းပါတို့က အီရတ်နိုင်ငံကို မတရားကျူးကျော် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုများ၊ စီးနင်းတိုက်ခိုက်မှုများနှင့် မဆင်မခြင်ပစ်ခတ်မှုများကြောင့် အပြစ်မဲ့အီရတ်ပြည်သူအများအပြား သေဆုံးဒဏ်ရာရမှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းသေဆုံးကြသူ အီရတ်ပြည်သူများတွင် အီရတ်တပ်ဖွဲ့ဝင်များ၊ အီရတ်အရပ်သားများနှင့် ကလေးငယ်များ အများအပြားပါဝင်ခဲ့သည်။

ဒဏ်ရာရ

၂၀၀၃ ခုနှစ် မေ ၃၀ ရက် က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့ မဆင်မခြင် ကြဲချသော ဗုံးများ ပေါက်ကွဲ ထိမှန်သဖြင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ အီရတ်လူငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကာဘာလာမြို့၌ အပြစ်မဲ့ အီရတ်မိသားစုဝင်သုံးဦး ဒဏ်ရာရရှိသဖြင့် ကာဘာလာဆေးရုံတွင် ဆေးကုသရန် စောင့်ဆိုင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံး

၂၀၀၃ခုနှစ် ဇွန် ၃၀ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အခမ့်ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အီရတ်တစ်ဦးသေဆုံးသွားသဖြင့် ၎င်း၏မိခင်နှင့်ဆွေမျိုးများက ဝမ်းနည်းပူဆွေးငိုကြွေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၄ရက်က တီကရစ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်း အခမ့်ဝင်ရောက်စီးနင်းပြီး သံသယရှိသည်ဟု ဆိုကာ အပြစ်မဲ့အီရတ်နှစ်ဦးကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်စစ်ပွဲစတင်သည့်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ အီရတ်တို့ဘက်မှ အသေအပျောက်စာရင်း

စဉ်	အီရတ်ဘက်မှ	သေဆုံးသူ အရေအတွက်
၁။	အီရတ်တပ်ဖွဲ့ဝင်	၁၀၀၀၀ ခန့်
၂။	အီရတ်အရပ်သား	၉၈၉၆
	စုစုပေါင်း	၁၉၈၉၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ



ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းစေသည့် ဘားအံမြို့နယ်ရှိ တန် ၄၀၀၀ ကျ မြိုင်ကလေးဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ	၁၉၈၈	၂၀၀၄
လမ်းပန်းဆက်သွယ်ရေး		
– ပေ ၁၈၀ အထက် တံတား	၃	၁၄
– ပေ ၁၈၀ အောက် တံတား	၆၀၂	၈၇၈
– လမ်း (မိုင်)	၃၈၄	၄၇၂
ဆက်သွယ်ရေး		
– မိုက်ကရိုဝေ့(ဗ်)စခန်း	၁	၃
– စာတိုက်	၂၇	၃၂
– ကြေးနန်းရုံး	၇	၁၂
– တယ်လီဖုန်းအိတ်ချိန်း	၅	၂၀
– အော်တိုတယ်လီဖုန်း	၅၂၈	၃၀၀၃
ပညာရေး		
– တက္ကသိုလ်	–	၁
– ကောလိပ်	၁	၂
– အခြေခံပညာကျောင်းများ	၁၁၄၉	၁၂၅၀
ကျန်းမာရေး		
– ဆေးရုံ	၂၉	၃၇
– ကျေးလက်ကျန်းမာရေးဌာန	၄၄	၄၇
– ကျေးလက်ကျန်းမာရေးဌာနခွဲ	၁၅၃	၂၀၁

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
– စိုက်ပျိုးမြေဧက	၁၈၄၀၀၀	၂၁၉၀၀၀
– ဆည်/တမံ	၆	၇
– ရေထိန်းတံခါး	၁၉	၄၈
– မြစ်ရေတင်	–	၃
လျှပ်စစ်ဓာတ်အား		
– ဒီဇယ်လျှပ်စစ်	၇	၁၂
– ရေအားလျှပ်စစ်	၁	၁
ပြန်ကြားရေး		
– ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	–	၇
– ပြန်/ဆက် ရုံး	–	၇
– စာကြည့်တိုက်	–	၁၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ဂျိုင်း (ကော့ကရိတ်)တံတားကိုတွေ့ရစဉ်။ [ဂျိုင်း(ကော့ကရိတ်) တံတားသည် အရှည်ပေ ၁၂၀၀ ရှိပြီး ငွေကျပ် သိန်း ၈၅၅၀ နှင့် နိုင်ငံခြားငွေ ၀ ဒသမ ၈၉၂ သန်း ကုန်ကျခဲ့သည်။]

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တရုတ်လုကျေးရွာကို စံပြကျေးရွာအဖြစ် နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့ပြီး စိုက်ပျိုးရေရရှိရေးအတွက် တရုတ်လု လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးခဲ့သည်။

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်အဆောက်အအုံသစ်ကို တွေ့ရစဉ်။

စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့

သတင်းစာရှင်းလင်းပွဲ

ပြည်ပ အသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး သောင်းကျန်းသူစခန်းများသို့ ရောက်ရှိခဲ့သူများ အဖြစ်မှန်ကို သိရှိကြသဖြင့် အမိနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီးနောက် ဤသို့ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပသော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားရာ၌–

“ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ အကျိုးစီးပွားအလို့ငှာ အပြုသဘော ဆက်သွယ်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစပြုနေပြီဖြစ်သည်ကိုလည်း ကျေနပ်ဖွယ်တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

သို့သော်လည်း အနောက်နိုင်ငံကြီးအချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် အကြောင်းပြချက်အမျိုးမျိုးနှင့် ဖိအားများ အဖုံဖုံပေးလျက်ရှိနေဆဲပင်ဖြစ်ကြောင်း၊ မူလက မြန်မာနိုင်ငံအပေါ်စွပ်စွဲလုပ်ဆောင်နေသည့် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး၊ အတင်းအဓမ္မစေခိုင်းမှုဆိုသည့် စွပ်စွဲမှုများသာမက ကဏ္ဍသစ်များရှာဖွေပြီး ဖိအားပေးမှုအမျိုးမျိုး လုပ်ဆောင်လျက်ရှိရာတွင် ယခုအခါ ကလေးသူငယ်စစ်သည်များကိစ္စကို ရှေ့တန်းတင်ပြီး စစ်မျက်နှာသစ်တစ်ရပ် ဖွင့်လှစ်လာသည်ကို တွေ့ရှိနေရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ တိုက်ခိုက်မှုများကို မှန်ကန်သော အချက်အလက်များနှင့် စနစ်တကျ တုံ့ပြန်လျက်ရှိကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကာလ တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားညီအစ်ကိုများသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုအခြေခံကောင်းများကို ရရှိနေလျက်ရှိသည်။

ယင်းအောင်မြင်မှု အခြေခံကောင်းများရရှိနိုင်ရန်အတွက် တပ်မတော်အစိုးရ၏ ဖြတ်သန်းလာခဲ့သောခရီးသည် ပန်းခင်းသောလမ်းမဟုတ်ဘဲ ခရောင်းလမ်းများဖြစ်ခဲ့သည်။ ပြည်တွင်း ပြည်ပဆန့်ကျင်မှု၊ ဖိအားပေးမှုများကို ရင်ဆိုင် ဖြေရှင်းခဲ့ရသည်။ အထူးသဖြင့် ပြည်ပနယ်ချဲ့ ကိုလိုနီလက်သစ်တို့၏ မီဒီယာများဖြစ်သော အသံလွှင့်ဌာနများက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးသည့် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများ၊ စွပ်စွဲပုတ်ခတ်မှုများကို ထုတ်လွှင့်ခဲ့ကြသည်။ ထုတ်လွှင့်လျက်လည်းရှိသည်။

ဆိုရလျှင် ၁၉၈၈ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရှစ်လေးလုံးဆူပူမှု၊ မင်းမဲ့စရိုက်သောင်းကျန်းမှုများဖြစ်လာစေရန် ဘီဘီစီနှင့် ဗွီအိုအေတို့သည် မဟုတ်မမှန်လုပ်ကြံလိမ်လည်မှုများကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်ခဲ့ကြသည်။ ယင်းဖြစ်စဉ်များအနက် အချို့ကို ရည်ညွှန်းကိုးကားဖော်ပြရလျှင် ၁၉၈၈ခုနှစ်ဇူလိုင်လအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သော ဘီဘီစီ သတင်းထောက် ခရစ္စတိုဖာဂါးနက်သည် ၁၉၈၈ခုနှစ် မတ်လအရေးအခင်းတွင် ပါဝင်သူများအား အစိုးရကဖမ်းဆီးပြီး မတရားပြု ကျင့်ခံရကြောင်း တွေ့ဆုံမေးမြန်းခန်း လုပ်ကြံသတင်းကို ထုတ်လွှင့်ခဲ့သည်။ ထိုလုပ်ကြံသတင်းတွင် ကျောင်းသားကျောင်းသူများ၏ ပြောဟန်၊ ဆိုဟန်၊ ရှိုက်သံ၊ ငိုသံများဖြင့် ဖန်တီး၍ အသံဖမ်းယူပြီး ၁၉၈၈ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ ည ၈နာရီ ၄၅မိနစ်တွင် ဘီဘီစီအသံလွှင့်ဌာနမှ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အကြား သွေးခွဲသပ်လျှိုမှု၊ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် လိမ်လည်မှုကြီး ဖြစ်သည်။

အကြောင်းမူ ဘီဘီစီက ထုတ်လွှင့်သွားသော လုပ်ကြံတွေ့ဆုံမေးမြန်းခန်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ အမျိုးသမီးက ၁၉၈၉ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ကိုယ်တိုင်ရေး ကိုယ်တိုင်ဖြောင့်ချက်ဖြင့် ယင်းကိုယ်တိုင်အရေးအခင်းတွင် ပါဝင်ခြင်းမရှိသကဲ့သို့ ဖမ်းဆီးအရေးယူခံရခြင်းမရှိသော်လည်း အကူအညီတောင်းခံမှုကြောင့် ပါဝင်သရုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းစာတိုက်များသို့ ဝန်ခံရှင်းလင်းချက်စာအား ပေးပို့ခဲ့သဖြင့် ဘီဘီစီ သတင်းထောက်နှင့်ဘီဘီစီ အသံလွှင့်ဌာနတို့၏ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို အရှက်မဲ့စွာ ကာယကံမြောက် ကျူးလွန်မှုမှာ ဘူးပေါ်သလိုပေါ်ခဲ့ရတော့သည်။

အလားတူပင် ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းကာလတွင် ဘီဘီစီနှင့်ဗွီအိုအေတို့သည် နိုင်ငံတကာသတင်းမီဒီယာ၏ သိက္ခာကို

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးသော ပြည်ပအ

စောင့်စည်းထိန်းသိမ်းခြင်းမရှိဘဲ တာဝန်မဲ့စွာ ကောလာဟလများ ထပ်ဆင့်ထုတ်လွှင့်ခဲ့ခြင်းမှာလည်း မြန်မာနိုင်ငံနှင့်မြန်မာ ပြည်သူတို့၏ အကျိုးစီးပွားအား ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံခြင်းသာဖြစ်ပါသည်။

ထိုအချိန်က နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် မင်းမဲ့စရိုက်လွှမ်းမိုးနေသဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အားကိုးရာမဲ့လျက်ရှိနေခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်းကောင်း၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲမှုသည်လည်းကောင်း အန္တရာယ်ချောက်ကမ်းပါးသို့ ရောက်လုနီးနီး ဖြစ်နေခဲ့သည်။ ယင်းအခြေအနေများအရ တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားနိုင်ငံရေးတာဝန်အရ နိုင်ငံတော်အာဏာကို လွှဲပြောင်းတာဝန်ယူခဲ့ရသည်။

ဤတွင် နယ်ချဲ့ကိုလိုနီလက်သစ်တို့သည် ၎င်းတို့ဖြစ်စေချင်သော အခြေအနေသို့ မရောက်တော့သဖြင့် ယင်းတို့၏ ဩဇာခံ မီဒီယာများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေနှင့် အေအိုင်အာရ် အသံလွှင့်ဌာနများမှတစ်ဆင့် ပြည်ထောင်စုပြိုကွဲစေရန် ကောလာဟလများဖြင့် သပ်လျှိုဖြိုခွဲရန်ကြံစည်တော့သည်။ တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သလို ဖြေရှင်းအရေးယူ ဆောင်ရွက်ခဲ့ရသည်ကိုလည်း မဟုတ်မမှန် ဝါဒဖြန့်လုပ်ကြံသတင်းများဖြင့် ပုံကြီးချဲ့ ထုတ်လွှင့်ခဲ့ကြသည်။ ထိုသို့ လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့ခြင်းဖြင့် ပြည်သူနှင့် တပ်မတော်ကြား သပ်လျှို သွေးထိုးလှုံ့ဆော် ခဲ့သောကြောင့် ပြည်သူအချို့ အထိတ်တလန့် ဖြစ်စေခဲ့သည်။ ကျောင်းသားကျောင်းသူအချို့သည်လည်း ပြည်တွင်းဆန့်ကျင်ရေး

ကြယ်

ဘီဘီစီ၊ ဗွီအိုအေတို့၏ မိုးလုံးပြ...
ပီပီပြင်ပြင် ဖော်ပြထားသော စာအုပ်...

ပြန်လည်ဝင်ရောက်

ပြည်ပ အသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး သောင်းကျန်းသူများ စခန်းသို့ ရောက်ရှိခဲ့သူများ အဖြစ်မှန်ကို သိမြင်သဖြင့် အမိနိုင်ငံသို့ ဤသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

သမားအချို့၏ အဆက်အသွယ်ဖြင့် န...
ကုန်သည်။ ဤသည်တို့မှာ ပြည်ပအ...
ဆန့်ကျင်ရေးသမားတို့၏ ပူးပေါင်း...
များပင် ဖြစ်သည်။ ဒီမိုကရေစီရေးကို အ...
ဖြတ်လမ်းမှ ရယူလိုကြသော ပြည်...
နိုင်ငံရေးသမားတို့၏ နိုင်ငံတော်လုပ်...
လိမ့်မည်။ နိုင်ငံတော်ပြိုကွဲရန်၊ တိုင်းရ...
ညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်...
နယ်ချဲ့လက်ပါးစေ အသံလွှင့်ဌာနတို...
သတိချပ်ရန်ဖြစ်ပါသည်။

ယင်းနောက်ပိုင်း ကာလများတွ...
နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းမျ...
အစိုးရအား သိက္ခာချရေးနှင့် နိုင်ငံတ...
လုပ်ကြံလိမ်လည်သော သတင်းများက...
နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်...
နိုင်ငံတော်၏ တံခါးဖွင့်ဝါဒနှင့် ဈေးကွ...

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

...ထိပါးသော ပြည်ပအသံလွှင့်ချက်များ

ကြယ်ဖြူ



ဘီဘီစီ၊ ဗွီအိုအေတို့၏ မိုးလုံးပြည့် မုသာဝါဒ ထုတ်လွှင့်မှုများကို ပီပီပြင်ပြင် ဖော်ပြထားသော စာအုပ်ဖြစ်သည်။

သမားအချို့၏ အဆက်အသွယ်ဖြင့် နယ်စပ်ဒေသများသို့ ရောက်ရှိကြကုန်သည်။ ဤသည်တို့မှာ ပြည်ပအသံလွှင့်ဌာနများနှင့် ပြည်တွင်းဆန့်ကျင်ရေးသမားတို့၏ ပူးပေါင်းလုပ်ကြံခဲ့သော အဖျက်လုပ်ငန်းများပင် ဖြစ်သည်။ ဒီမိုကရေစီရေးကို အကြောင်းပြပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှ ရယူလိုကြသော ပြည်တွင်း၊ ပြည်ပ လက်ဝဲလက်ယာနိုင်ငံရေးသမားတို့၏ နိုင်ငံတော်လုပ်ကြံမှု ဖြစ်သည်ဟုလည်း ဆိုရပါလိမ့်မည်။ နိုင်ငံတော်ပြိုကွဲရန်၊ တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် လျော့ပါးပျက်စီးရန် အကြံဖြင့် နယ်ချဲ့လက်ပါးစေ အသံလွှင့်ဌာနတို့၏ သပ်လျှိုသွေးခွဲမှုလုပ်ရပ်ကို သတိချပ်ရန်ဖြစ်ပါသည်။

ယင်းနောက်ပိုင်း ကာလများတွင်လည်း တပ်မတော်အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအား ပုတ်ခတ်ခြင်း၊ တပ်မတော်အစိုးရအား သိက္ခာချရေးနှင့် နိုင်ငံတကာမှ ဝိုင်းပယ်ရေးတို့အတွက် လုပ်ကြံလိမ်လည်သော သတင်းများကို ထုတ်လွှင့်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခဲ့ကြသည်။ နိုင်ငံတော်၏ တံခါးဖွင့်ဝါဒနှင့် ဈေးကွက်စီးပွားရေးစနစ်အရ အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများ၊ စီးပွားရေးလုပ်ငန်းများကို ပိတ်ဆို့ နှောင့်ယှက် ဖျက်ဆီးသည့် သတင်းများ၊ ဆောင်းပါးများ၊ နယ်ချဲ့ဩဇာခံ ပညာရှင်ဆိုသူများနှင့် တွေ့ဆုံမေးမြန်းခန်းစသည့် အဖျက်လုပ်ရပ်များကိုလည်း နေ့စဉ်နှင့်အမျှ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာရ်တို့က ထုတ်လွှင့်ခဲ့ကြသည်။

တပ်မတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသော မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတကာက အကူအညီမပေးရေးအတွက် ဟန့်တားနှောင့်ယှက်သည့် လုပ်ကြံသတင်းများ၊ ဆောင်းပါးများကို ထုတ်လွှင့်ရေးသားကြသည့်အပြင် မူးယစ်ဆေးဝါးပြဿနာကို ပုံကြီးချဲ့ ထုတ်လွှင့်ခဲ့ကြသည်။

အထူးသဖြင့် နယ်ချဲ့ကိုလိုနီလက်သစ်ဩဇာခံ ပြည်တွင်းပြည်ပအဖျက်သမားများ ပူးပေါင်းဆက်နွယ်လုပ်ကြံခဲ့သော ၁၉၈၈ ခုနှစ်ကိုးလေးလုံး ဆူပူရေးအစီအစဉ် ကြိုတင်အခါပေးလှုံ့ဆော်သော လုပ်ကြံသတင်းများကို နေ့စဉ်နှင့်အမျှ ထုတ်လွှင့်ခဲ့ကြသည်။ ယင်းအပြင် ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားကြောင်း၊ စေတီဘုရားကျောင်းကန်များတွင်လည်း ဘုရားဖူးများ၊ ဥပုသ်သီလစောင့်သူများ မရှိတော့ဘဲ စစ်သားများဖြင့် လုံခြုံရေးကို တင်းတင်းကျပ်ကျပ် ချထားကြောင်း စသဖြင့် မဟုတ်မမှန်သော သတင်းများကို လုပ်ကြံထုတ်လွှင့် ခဲ့ကြသည်မှာလည်း ရှက်ဖွယ်လိလိဖြစ်သည်။

စင်စစ် ထိုစဉ်ကာလက မြန်မာနိုင်ငံတွင် မည်သည့် ဆူပူလှုပ်ရှားမှုမျှ မရှိသကဲ့သို့ ရုပ်ရှင်ရုံများ၊ ကျောင်းကန်ဘုရားစေတီများနှင့် စားသောက်ဆိုင်များ၊ဈေးများတွင်လည်း ပြည်သူများကအသွားအလာမပျက်၊ အရောင်းအဝယ်မပျက် စည်ကားလျက်တည်ငြိမ်အေးချမ်းစွာ ရှိနေသကဲ့သို့ မည်သည့် လုံခြုံရေးမှ ချထားခြင်းမရှိခဲ့သည်မှာ မြန်မာပြည်သူများအားလုံး အသိပင်ဖြစ်သည်။

၎င်းမှာ နယ်ချဲ့တို့သည် ၎င်းတို့၏ လက်ပါးစေအသံလွှင့်ဌာနများကို အသုံးချ၍ တိုင်းရင်းသားညီအစ်ကိုများ အချင်းချင်းသံသယပွားအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်ခြင်းများဖြစ်သည်။ ၎င်းအပေါ် တိုင်းရင်းသားညီအစ်ကိုများက နိုင်ငံရေးသတိအစဉ်ရှိလျက် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်ကျည်မြဲမြံနေစေရန် လိုအပ်ပေသည်။

ယင်းအပြင် ပြည်ပအသံလွှင့်ဌာနတို့သည် မြန်မာနိုင်ငံတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာသော အခြေအနေများ ပျက်စီးရေးအတွက် အဖျက်အမှောင့်၊ အနှောင့်အယှက်သတင်းများ၊ ဆောင်းပါးများကိုသာ ကောက်ကျစ်စဉ်းလဲစွာထုတ်လွှင့်နေခဲ့သော သာဓက အများအပြားရှိနေခဲ့သည်။ ဆိုရလျှင် တပ်မတော်အစိုးရက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ခြင်းကိုလည်းပျက်ပြားစေရန်၊ တပ်မတော်အစိုးရနှင့်လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများကြားတွင် သံသယများပွားစေရန် သပ်လျှိုသွေးခွဲသည့် သတင်းများကိုလည်း မကြာခဏ ထုတ်လွှင့်ခဲ့သည်။

ပြည်ပအသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်မှုများကို နားယောင်ပြီး သောင်းကျန်းသူစခန်းများသို့ ရောက်ရှိသွားရာမှ အဖြစ်မှန်ကို သိမြင်ပြီး အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများ လေဆိပ်တွင် မိသားစုနှင့် ပြန်လည်တွေ့ဆုံကြသည့်အခါ ဤသို့ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ကြသည်ကို တွေ့ရစဉ်။

ပြည်ပအသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်မှုများကို နားယောင်ပြီး သောင်းကျန်းသူစခန်းများသို့ ရောက်ရှိသွားရာမှ အဖြစ်မှန်သိမြင်ပြီး ပြန်လည်ရောက်ရှိလာသူတစ်ဦးအား မိခင်ဖြစ်သူက ဤသို့ အနမ်းဖြင့် ကြိုဆိုခဲ့သည်။

အလားတူ နယ်ချဲ့လက်သစ်ဩဇာခံအသံလွှင့်ဌာနများက မြန်မာအမျိုးသမီးများအကြား ဖြစ်ထွန်းနေသော တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်းကို သွေးခွဲသပ်လျှို လုပ်ကြံဖန်တီးခြင်း၊ မြန်မာအမျိုးသမီးများ ဂုဏ်ရည်ကျဆင်းအောင် မဟုတ်မမှန်သတင်းများကို မကြာခဏ ထုတ်လွှင့်နေခြင်းကြောင့် မြန်မာတိုင်းရင်းသူအမျိုးသမီးငယ်များ စီးပွားရေးအရ သွေးဆောင်ဖြားယောင်းမှု မခံရရေး၊ လွဲမှားသောအယူအဆများ မဝင်ရောက်နိုင်ရေး၊ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှု မခံရရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီ၏ ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပြည်နယ်နှင့်တိုင်းများသို့ သွားရောက်၍ ဒေသအတွင်းရှိ အမျိုးသမီးထုနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရသည်။

ထိုနည်းတူစွာ ပြည်ပအသံလွှင့်ဌာနများသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေးပျက်ပြားစေရန် လုပ်ကြံဖန်တီးသော သတင်းများ၊ ဆောင်းပါးများနှင့် မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့အတွင်း၊ စည်းလုံးညီညွတ်ရေးပျက်ပြားစေရန် လှုံ့ဆော်သပ်လျှိုသော သတင်းများ၊ ဆောင်းပါးများကို ထုတ်လွှင့်နေခြင်းတို့သည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို မလိုလားဘဲ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ကြံဖျက်ဆီးနေသည့် နယ်ချဲ့ကိုလိုနီလက်သစ်ဩဇာခံ မီဒီယာတို့၏ လုပ်ရပ်များသာဖြစ်သည်။

နယ်ချဲ့ကိုလိုနီလက်သစ်တို့၏ ဩဇာခံဖြစ်သော ဘီဘီစီအသံလွှင့်ဌာန၏ ဥက္ကဋ္ဌဖြစ်သူ ဂါဗင်ဒေးဗီးစ်နှင့် မကြာသေးကာလ ၂၀၀၄ခုနှစ်၏ ဇန်နဝါရီလကုန်ပိုင်းတွင် နယ်ချဲ့လက်သစ်တို့၏ ညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်တို့သည် အီရတ်စစ်ရေးကိစ္စတွင် လက်နက်ပါရဂူ ဒေးဗစ်ကယ်လီသေဆုံးမှုနှင့် အီရတ်လက်နက်သတင်းကို ဖော်ပြရာ၌ မဟုတ်မမှန် လီဆယ်ချဲ့ကားကြောင်း ဘူးပေါ်သလိုပေါ်လာ၍ သိက္ခာကျ အရှက်ရကာ အလုပ်မှ နုတ်ထွက် သွားခဲ့သည်။ အဆိုပါသတင်းဌာနများ၏ မိုးလုံးပြည့်မုသာဝါဒများသည် မျက်မှောက်ကာလတိုင် နေရာအနှံ့လိုက်လံခြယ်လှယ်နေဆဲဖြစ်သည်။ အသံလွှင့်ဌာနများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထိပါးနှောင့်ယှက်၊ အဖျက်အမှောင့်သဘောထားဖြင့် လုပ်ကြံသတင်းများ၊ ဆောင်းပါးများ ထုတ်လွှင့်နေခြင်းတို့မှာလည်း မဆန်းတော့ချေ။ ယင်းတို့ အကြောင်းပြနေသော ဒီမိုကရေစီ ဖြစ်ထွန်းရေးနှင့် လုံးဝဆန့်ကျင်လျက် ရှိနေသည့်အပြင် ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် ပို၍ အလှမ်းဝေးအောင် ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။

မည်သို့ပင်ရှိစေ ယင်းအသံလွှင့်ဌာနများဖြစ်စေချင်သော မြန်မာနိုင်ငံအားနယ်ချဲ့ ကိုလိုနီလက်သစ်ဩဇာခံနိုင်ငံဖြစ်ရေးအတွက် လုပ်ကြံဖန်တီးသည့်သတင်းများ၊ ဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းခန်း၊ ပေးစာများသည် မြန်မာတိုင်းရင်းသားပြည်သူများ၏ ကျစ်လျစ်သိပ်သည်းသော စည်းလုံးညီညွတ်ရေးနှင့် ခိုင်ကျည်မြဲမြံသော ပြည်ထောင်စုစိတ်ဓာတ်ကို ဖြိုခွဲ၍မရသကဲ့သို့ အနာဂတ်ကာလတွင် ဖြစ်ထွန်းလာမည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ခရီးလမ်းကို ဟန့်တားနှောင့်ယှက် ဖျက်ဆီး၍လည်းမရနိုင်ဟု အခိုင်အမာဆို လိုက်ပါသည်။ ။

ဝိနယဓိကစာပြန်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်လုံးဆိုင်ရာ သံဃနာယက အဖွဲ့က ကြီးမှူးကျင်းပသော ပဥ္စမအကြိမ် မြို့နယ်လုံးဆိုင်ရာ ဝိနယဓိက စာပြန်ဖြေဆိုပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ၁နာရီက (၄၆) ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။အခမ်းအနားတွင်ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ စာအောင် သံဃာတော် ၁၇၃ ပါးတို့အား ဆရာတော်ကြီးများနှင့် မြို့နယ် ဥက္ကဋ္ဌဦးတင်လှိုင်နှင့်တာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

သဒ္ဓါလက်လူ ပွင့်ခက်ကြူ ကက္ကူစေတီစု

ရတနာစည်ဆရာတော် (လွိုင်လင်)

(ယမန်နေ့ကအဆက်)

(ဆ)

တည်းကျောင်းသို့ ရောက်ရှိကြကာ အခြားသော ဆရာတော်များနှင့် အာလာပသလ္လာပပြောဆိုကြပြီးသော် အလွန်ဖူးမြင်ချင်နေသော ကက္ကူစေတီစုသို့ ညဦးပိုင်းဝယ် ရောက်ရှိခဲ့ပါ၏။ ပြည့်ဝန်းသောလရောင်ဝါနှင့်ပွဲတော်အတွင်း ထွန်းညှိပူဇော်ထားသည့် လျှပ်စစ်အလင်းတို့ဖြင့် ထိန်ဝင်းထွန်းပနေသော ကက္ကူစေတီစု ညမြင်ကွင်းက ရင်တွင်းရှိ ပီတိကို ပျို့စေ၏။

မုခ်ဦးမှဝင်၍ အလယ်လမ်းအတိုင်း လျှောက်လှမ်းလာရာ၌ ဝဲ-ယာရှိ စေတီငယ်များကို တစ်တန်းပြီး တစ်တန်းဖြတ်ကျော်ခဲ့ရာဝယ် အတန်းပေါင်းဘယ်မျှ၊ တစ်တန်းတစ်တန်း၌ စေတီငယ်ပေါင်းဘယ်မျှဟု တဒင်္ဂအတွင်း ရေတွက်ခြင်းငှာ မစွမ်းသာခဲ့ပါ။ အရှေ့နှင့်အနောက် တောင်နှင့်မြောက် အတန်းလိုက်ဖြစ်တည်နေသော စေတီငယ်များ၌ “မူလဘုရားဒါယကာအား ရည်မှန်း၍ အသစ်ပြုပြင် လှူဒါန်းသည်”ဟူသော ကမ္ပည်းစာတန်းထိုးပြုပြင်ပြီး စေတီသစ်များနှင့် စာတန်းမထိုး မပြုမပြင်ရသေးသည့် စေတီဟောင်းများကိုလည်း ခွဲခြားမှတ်သားရန် မတတ်သာခဲ့ပါ။ အလယ်လမ်း ထိပ်ဆုံး၌ အကြီးမားဆုံးစေတီတော်ကြီး တည်ရှိနေပြီး အလယ်လမ်းသုံးချိုး တစ်ချိုးလောက်တွင် ယခု ရွှေထီးတော်သစ် တင်လှူပူဇော်မည့် ဒုတိယအကြီးဆုံး ဖောင်တော်ဆိုက် စေတီတော်တည်ရှိနေရာ ထိုစေတီကြီးနှစ်ဆူ၏ အရံစေတီငယ်များ၊ စေတီကြီးနှစ်ဆူအကြား အတန်းလိုက် တည်ရှိနေသော စေတီငယ်များ၊ ထိုစေတီငယ်များအကြား၌ တစ်ယောက်လျှောက်လှမ်းနိုင်သော အဖြောင့်လမ်းများ၊ ထောင့်ချိုးကြားလမ်းများ စသည့် အနေအထား ဝိသေသကြောင့် ကက္ကူစေတီစုကို ဝင်္ကပါစေတီစုဟူသောဘွဲ့သစ်ဖြင့်ပင် အနေကဇာတင်ချင်စိတ်ဖြစ်ပွားနေရ၏။ နှစ်ထောင်ကျော် အရေအတွက်ရှိသည့် ထူးခြားသော စေတီပရိဝုဏ်အတွင်း တစ်ယောက် လျှောက်လမ်းများကို ရာဇမတ်ကာ၊ ဝင်္ကပါရိုက်လျက် ဖောင်တော်ဆိုက်စေတီကို သောတာပတ္တိမဂ်ဉာဏ်ဟုလည်းကောင်း၊ အကြီးဆုံးစေတီကို အရဟတ္တမဂ်ဉာဏ်ဟု လည်းကောင်း သတ်မှတ်သမုတ်ကာ ဝင်္ကပါဘုရားပွဲ ကျင်းပရလျှင် အဘယ်မျှကောင်းလေမည်နည်းဟု တစ်ကိုယ်တည်းစိတ်ကူးနေမိ၏။ ကက္ကူဝင်္ကပါစေတီ ပရိဝုဏ်အတွင်း ခြေစကြာဖြန့်နင်းကာ ရင်တွင်း ပဿဒ္ဓိ တအိအိတစိမ့်စိမ့် တသိမ့်သိမ့် ပီတိစိမ်နေမိသည်မှာ အိပ်ချိန် ကျိန်းချိန်ကိုပင် မေ့သွားတော့မယောင်ပါပေ။

(ဇ)

နောက်ရက်ကား ပွဲတော်ကြီးရက်ဖြစ်၏။ ၉-၁၂-၂၀၀၃ (၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော်၁) ရက်မြတ်မင်္ဂလာဖြစ်ပါသည်။

ယမန်နေ့က မိုင်းပန်မြို့ မဟာတေဇာဓိပတိစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ ဦးဆောင်တက်ရောက်ခဲ့ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကာ တောင်ကြီးမြို့၌ ညအိပ်ရပ်နားခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်သော စေတနာရှင်များသည် ယနေ့နံနက် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား မစတင်မီ ကက္ကူစေတီစု မင်္ဂလာမဏ္ဍပ်အတွင်း ရောက်ရှိလာကြသကဲ့သို့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကနိုင်ငံတော်သြဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိက အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့သည်လည်း မင်္ဂလာမဏ္ဍပ်အတွင်း ကြွရောက်တော်မူလာကြပြီး နံနက် ၇နာရီခွဲတွင် မဟာမင်္ဂလာအခမ်းအနား စတင်၏။

သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်မှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ နမော တဿဖြင့် အခမ်းအနားဖွင့်၊ အင်းလေးရွှေဘုံသာ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်၊ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ ဆက်ကပ်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်မေတ္တာ ထုံမွမ်း၊ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေယူဆောင်၍ ဝတ္ထုကံမြေ၌ ပက်ဖျန်းကြပြီးသော် ဆက်လက်၍ စေတီယသမ္ဘူဒ္ဓနှင့်ဒါန ဒါတဗ္ဗတို့ကို ဆက်ကပ်ကြပုံ မှတ်တမ်းမှာ ဤသို့ဖြစ်၏။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းတို့က စိန်ဖူးတော်နှင့် ပရိက္ခရာ ရှစ်ပါး၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ငှက်မြတ်နားတော်နှင့် ပရိက္ခရာ ရှစ်ပါး၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီက ရွှေကြာသကၤန်းနှင့် ပရိက္ခရာရှစ်ပါး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဇနီး ဒေါ်ခင်ဝင်းဝင်းတို့က ဆပ်သွားဖူးတော်နှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဇနီးဒေါ်ခင်နှင်းဝေတို့က စိန်ဖူးကလပ်နှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဇနီး ဒေါ်ခင်စောနှင်းတို့က ကြာပန်းခိုင်နှင့် ပရိက္ခရာရှစ်ပါး၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီးဒေါ်ဝင်းဝင်းနုတို့က ဆည်းလည်းပဒေသာနှင့် ပရိက္ခရာရှစ်ပါး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊တာဝန်ရှိသူများက ပရိက္ခရာရှစ်ပါး။

ထို့နောက် မြန်မာမှုပညာရှင် တောင်ကြီးဦးဝင်းမောင်က သမ္မာဒေဝနတ်များအားတောင်းပန်လွှာဖတ်ကြားခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်ဇောတိကာရုံဆရာတော်က အနုမောဒနာနှင့် ရေစက်ချချီးမြှင့်ခြင်း၊ ပရိသတ်များက ကုသိုလ်အမျှပေးဝေ ခြင်း၊ သာဓုခေါ်ယူခြင်းတို့ဖြင့် ပထမပိုင်း ဒါန၊ သီလ၊ ဘာဝနာ ဆည်းပူးခြင်း ပြည့်တင်းအောင်မြင်လေ၏။

(ဈ)

ဒုတိယပိုင်း ရွှေထီးတောင်တင်မင်္ဂလာ ဗုဒ္ဓါဘိသေကမင်္ဂလာဆောင်ရွက်ရာ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ပင့်ဆောင်လျက် သာသနာ့အလံကိုင်အဖွဲ့၊ဒေဝါဝင်း၊ရာဇာဝင်းအဖွဲ့များ ခြံရံပြီး စေတီတော်အား လှည့်လည်ပူဇော်ကြကာ တံကြားထီးတော်တင်အဖွဲ့၏မင်္ဂလာရထားပျံပေါ်သို့အမွှေးနံ့သာရည်များပက်ဖျန်းတင်လှူပူဇော်ပေးစဉ် ငြမ်းအထက်သို့ တက်ရောက်နေရာယူထားကြသော အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး (၂)နှင့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ရွှေထီးတော်ဘုံအဆင့်ဆင့် တို့ကို စေတီတော်အထွတ်၌ တပ်ဆင်လှူဒါန်းပူဇော်မှု ပြီးမြောက်အောင်မြင်သောအခါ တံကြားဦးသန်းလှက သမ္မာဒေဝနတ်များကို ပြန်လည်ပို့ဆောင်ပေးလေ၏။

ဆက်လက်၍ ကက္ကူစေတီစုဓမ္မာရုံ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အမှူးပြုသည့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသည့် ဒေသခံတိုင်းရင်းသားများက ပင့်သံဃာ ၁၀၈ပါးတို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီးသော် ဆရာတော် သံဃာတော်တို့က ဖောင်တော်ဆိုက်စေတီ အာရုံခံတန်ဆောင်း၌ ဖောင်တော်ဆိုက်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရွှေထီးတော်တင် မင်္ဂလာဗုဒ္ဓါဘိသေက မင်္ဂလာသာသနာပွင့် ကုသိုလ်ထူး ဆည်းပူးမှုအလုံးစုံ ဥဿုံ အောင်မြင်လေ၏။

နေတက်အားကောင်းသည့် နံနက် ၁၁ နာရီခွဲတွင်ကား ဖောင်တော်ဆိုက်စေတီတော်မှ ရတနာရွှေမိုး ငွေမိုးဖြစ်သည့် ငွေကျပ်တစ်ထောင်တန်များ သွန်းကျလာ၏။ မိုးသီးကြွေချိန် မိုးသီးကောက်သောပမာ ရတနာရွှေမိုးငွေမိုး ပွင့်ချပ်များကို လိုက်လံကောက်ယူကြသူ လူထုပရိသတ်ကြီးကား အလွန်ပျော်မြူးစွာ ကခုန်နေကြကုန်၏။ လက်ထဲသို့ လွယ်လွယ်ကူကူကျရောက်လာသော ကျပ်တစ်ထောင် ငွေမိုးကြောင့် ပျော်မြူးသံ၊ အားရသံများ လွင့်ပျံနေသကဲ့သို့ လက်တစ်မြောက်လောက်အထိ ကျပ်တစ်ထောင်တန် ငွေပွင့်တွေ ကျလာပြီး လက်လှမ်းလို့မီတမီတွင်မှ လေပင့်၍ ပြန်လွင့်တက်သွားသည်ကို သူ့ထက်ငါ ဦးအောင်အမီလိုက်ကြသည့် လူငယ်လူရွယ်တို့၏ လေနတ်သားထံ ဆုတောင်းသံ၊ အားမလိုအားမရအသံများ လွင့်ပျံနေကာ ပွဲတော်လာပရိသတ်ကြီး ပီတိစံချိန် တင်နေဆဲဝယ် ရတနာ ရွှေမိုးငွေမိုးရှင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သော စေတနာရှင်များသည် ဖောင်တော်ဆိုက်စေတီတော်အား အသစ်စက်စက် နှစ်သက်ကြည်လင်စွာ တပ်ဆင်လှူဒါန်းဆက်ကပ်ပြီးဖြစ်သည့် စိန်ဖူးတော်ကို သဒ္ဓါသောမနသ်ဇောအမြတ် အနီးကပ်ဖူးမြော်ကာ ငြမ်းထက်မှ ပြန်လည်ဆင်းသက်ခဲ့ပြီး ကက္ကူစေတီစုထဲမှ အကြီးဆုံးစေတီတော်ကိုလည်းကောင်း၊ သီရိလင်္ကာမှပင့်ဆောင်လာသည့် ဗုဒ္ဓဓာတ်တော်နှစ်ဆူကိုလည်းကောင်း ဖူးမြော်ကြည်ညိုကြလေ၏။

(ည)

ကက္ကူစေတီစုထဲမှ ဒုတိယအကြီးဆုံးဖောင်တော်ဆိုက်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ပြီဖြစ်၍ ပင့်သံဃာ ၁၀၈ ပါးတို့ကို ဒေသအလိုက် ပြန်လည်ပို့ဆောင်ခြင်း၊ပရိက္ခရာရှစ်ပါးစသည့် လှူဖွယ်ပစ္စည်းများ မမှားမယွင်းရအောင် ကြီးကြပ်အပ်နှံခြင်း စသည့်ကိစ္စအဝဝကို ပြည်နယ်သာသနာရေးဦးစီးဌာန ဒုဦးစီးမှူးဦးသန်းညွှန့်နှင့်အဖွဲ့က စနစ်တကျ စီမံသည်တွင် ဤအရှင်တို့ကား လွိုင်လင်ခရိုင်မှ ကားဖြင့် လွိုင်လင်သို့ ပြန်ကြွရမည်ဖြစ်ကြောင်း သိရ၏။

လွိုင်လင်သို့ တိုက်ရိုက်အပြန်ခရီးတွင် ကားဦးရှေ့ခန်း၌ လိုက်ပါလာရင်း နှလုံးသားသို့ ကာရန်များ တိုးဝှေ့လာသည်မှာ ဤသို့ဖြစ်ပါသတည်း။ ။

သဒ္ဓါလက်လူ၊ ပွင့်ခက်ကြူ၊ ကက္ကူစေတီစု
တစ်ကျော့ပြန်ကာ၊ ဘုန်းတောက်လာ၊ ချိန်ခါသည်ယခု
ဗုဒ္ဓသာသနံ၊ သဿတံ၊ စိရံ တိဋ္ဌတု
မရမ္မရဋ္ဌံ၊ သဿတံ၊ နိစ္စံ တိဋ္ဌတု

(ခက်ဆစ်= သဿတံ-ခိုင်ခိုင်မာမာ၊ စိရံ-ရှည်ရှည်ကြာကြာ၊ နိစ္စံ-မြဲမြဲမြံမြံ၊ မရမ္မရဋ္ဌ-မြန်မာနိုင်ငံ)

ဖေဖော်ဝါရီ ၂ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမေသန္တာအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ရုပ်မြင်သံကြားဇာတ်လမ်း**
အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အစီအစဉ်
“လူနှင့်လူ”
ဒါရိုက်တာ-မောင်နှင်းမိုး
သရုပ်ဆောင်-ရီဝေယံ၊
အကယ်ဒမီ မေသဥ္ဇာဦး

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) တတိယနှစ်(သမိုင်း)
(ခ) ဒုတိယနှစ်(မြန်မာစာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ”
(အပိုင်း-၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“သစ္စာမဏ္ဍိုင်”(အပိုင်း-၈)

မြောက်ဥက္ကလာပ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က မြတ်ခရေခန်းမတွင်ကျင်းပရာ တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ကောင်းမြတ်ဝင်းအား ဆုချီးမြှင့်စဉ်။ (၃၂၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန် – မြန်မာကော်ပိုရေးရှင်းအဖွဲ့ခေါင်းဆောင်နှင့် ဂျပန်တက္ကသိုလ်ပါမောက္ခနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Taskforce of the Japan-Myanmar Cooperation for Economic Structural Adjustmentအဖွဲ့ခေါင်းဆောင်ဂျပန်နိုင်ငံ Hitotsubashi Universityမှ Professor; Emeritus Komosuke Odaka နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Yuji Miyamoto လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရေဦးမြို့မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်း ရေဦးမြို့ မစိုးရိမ်ကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၂၄၁)၌ ၁၃၆၅ခု တပို့တွဲလပြည့်ကျော် ၁ရက်မှ ၇ရက်ထိ လည်းကောင်း၊ မန်ကျည်းတောရပ်ကွက် ဒက္ခိဏာရာမကျောင်း၌ တပို့တွဲလဆုတ် ၁၀ရက်မှ ၁၄ရက်ထိလည်းကောင်း၊ ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ပုပ္ပား(၃)ကျောင်း နယ်လှည့်မိုးကုတ်ဓမ္မကထိက ဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရိ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ ဘရူဝါရီကုမ္ပဏီ လီမိတက်၏ ကရဝိက်ဈေးရှိ မြန်မာမှု အစီအစဉ် သတင်းစာရှင်းလင်းပွဲတွင် မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၄ရက်၌ ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး တိုင်ရွန်းဖာနန်ဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

အားထုတ်ကြိုးပမ်းမှုများ ပေါင်းစည်းပြီး အရည်အသွေးမြင့်မားသော ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက် ကြီးပွားရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် အမျိုးသားရေးလိုအပ်ချက်များနှင့် တစ်ပြေးညီ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရအောင်၊ အနာဂတ်မှာ ကြုံတွေ့ရင်ဆိုင်ရမည့် ပြည်သူအများ၏ ကျန်းမာရေးပြဿနာ အဖုံဖုံကို ကြိုတင်ကာကွယ် တားဆီးနိုင်စေရအောင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ပုံမှန် စနစ်တကျဖြစ်ထွန်းနေစေရအောင် သုတေသီပညာရှင်များအားလုံးနှင့် တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အနာဂတ်လိုအပ်ချက်နှင့်အညီ

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူများကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရေး၊ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များစဉ်ဆက်မပြတ်ပေါ်ထွန်းစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးတွင် စွမ်းဆောင်ရည်ထက်မြက်မြင့်မား စေရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် နယ်ပယ်ကဏ္ဍစုံတွင် စနစ်တကျ ဖြန့်ကြက်ဖန်တီးဖော်ဆောင်တည်ဆောက် ပေးထားပြီးဖြစ်ကြောင်း၊ အနာဂတ် လိုအပ်ချက်များနှင့်အညီ ဆက်လက် စီမံတည်ဆောက်ပေးနေဆဲလည်း ဖြစ်ကြောင်း။

ယခုလို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့်အခြေအနေ အချိန်အခါတွင် ဤအခြေခံကောင်းများကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အမျိုးသားရေးမျှော်မှန်းချက်များနှင့် အညီ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရေးသည် ယနေ့စုစည်းရောက်ရှိနေကြသော သုတေသီပညာရှင်များအပါအဝင် မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အမျိုးသားရေးတာဝန်ပင် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ထို့ပြင် မိမိနိုင်ငံ၊ မိမိလူမျိုး ရေရှည်အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းတည်တံ့စေရေးအတွက် အခြေခံကောင်းများနှင့်ပြည့်စုံသော၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆိုသည့် အမျိုးသားရေးပန်းတိုင်ကို ချီတက်လျှောက်လှမ်းရာတွင်လည်း သုတေသီပညာရှင်များအားလုံးက မြန်မာနိုင်ငံသားများပီပီ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အခြားသောအမျိုးသားရေး စွမ်းအားစုများနှင့်အတူ တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါဟုလည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် သုတေသီပညာရှင်များကို မှာကြားလိုသည်မှာ–

- **အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး တိုးတက်မြင့် တင်ပေးနိုင်စေရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံများတိုးပွားပေါ်ထွန်းစေရေး ဦးတည်ပြီး နိုင်ငံတကာအဆင့်မီသည့်အပြင် အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **ထူးချွန်ပြောင်မြောက်ပြီး အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သည့် သုတေသီပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးနှင့် ဆေးသိပ္ပံပညာရပ်များ၊ သုတေသနနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော သုတေသနပြု ပိုစတာများကို ကြည့်ရှုကြရာ စာတမ်းရှင် သုတေသီပညာရှင်များက မိမိတို့သုတေသနပြုချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆေးနှင့် ဆေးပစ္စည်းပြပွဲပြခန်းများကို ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စာတမ်းရှင်သုတေသီပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ယနေ့မှစ၍ ဖေဖော်ဝါရီ၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုတေသနညီလာခံတွင် စာတမ်းပေါင်း၈၀နှင့် ပိုစတာပေါင်း ၁၇ခုတို့ကို ဖတ်ကြားတင်သွင်းမည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာခုကန်ကျေးရွာ ပုညသင်္ဂဟကျောင်းတိုက်တွင် ၁၃၆၅–၆၆ခုနှစ် တပေါင်းလဆန်း၁ရက်မှ တပေါင်းလဆန်း၁၀ရက်အထိ မဟာစည်ဩဝါဒခံ သတိပဋ္ဌာန်ဝိပဿနာ ၁၀ရက်တရားစခန်းကို အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးတိလောကာဘိဝံသက ဦးစီး၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပြည်တွင်း၊ပြည်ပနာယက ဆရာတော် ဦးကုသလာနန္ဒ(ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ)မှဒုံဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားများကို ဟောကြားပြသတော်မူမည်ဖြစ်ရာ တရားအားထုတ်လိုသည့် ယောဂီများသည် ဒေါ်မိမိခင် ဖုန်း–၆၆၄၀၉၁ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ကရဝိက်ဈေးရှိမြန်မာမှုအစီအစဉ် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်၏ ကရဝိက်ဈေးရှိ မြန်မာမှု အစီအစဉ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ အထွေထွေမန်နေဂျာ Mr. David Teng နှင့်တာဝန်ရှိသူများ၊ သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ ဖြန့်ဖြူးရေးကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေးက ကရဝိက်ဈေးရှိ မြန်မာမှု အစီအစဉ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် အမှုဆောင်တာဝန်ခံ ဦးမြင့်ဆွေက မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သောကုန်ပစ္စည်းရောင်းအားမြှင့်တင်ခြင်းနှင့် အရောင်းဆိုင်များနှင့် စားသုံးသူများ ကံစမ်းမဲနှင့် အထူးကံစမ်းမဲဖွင့်ပေးမည့် အစီအစဉ်၊ ရောင်းအားမြှင့်တင်မှု ကံစမ်းမဲ ကရဝိက် ဈေးရှိ မြန်မာမှုအစီအစဉ်အရ လူမှုရေးအလှူငွေများ ထည့်ဝင်လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဖြေကြား

ထို့နောက် တက်ရောက်လာကြသော သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ဖြန့်ဖြူးနေသော ပစ္စည်းများနှင့် ကရဝိက်ဈေးရှိ မြန်မာမှု အစီအစဉ် အပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးက ပြန်လည်ဖြေကြားဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေယာဉ်ကွင်းပြေးလမ်း တိုးချဲ့တည်ဆောက်မှုစစ်ဆေး တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့ လိုက်ပါလျက် ဇန်နဝါရီ ၃၁ ရက်နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေး အထူးအဖွဲ့(၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အရည်အသွေးပြည့်မီအောင်တည်ဆောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြက်ဆောင်ရွက်ရေး၊ စီမံကိန်းရည်မှန်းချက်များ သတ်မှတ်ချိန်ထက် စော၍ ပြီးစီးရေး၊ ယန္တရားများအား နေ့ဆိုင်းညဆိုင်းဖြင့် စွမ်းအားပြည့်အသုံးချ ဆောင်ရွက်ရေး၊ ပစ္စည်းများအချိန်မီ စုဆောင်းရရှိရေး၊ ယန္တရားများအတွက် စက်သုံးဆီများ စနစ်တကျ သုံးစွဲရေးနှင့် စက်ယန္တရားကြံ့ခိုင်ရေးများ အချိန်မှန်ပြုလုပ်ရေး၊ ရာသီဥတု ကန့်သတ်ချက်ကို ကြိုတင်ခန့်မှန်း တွက်ချက်ပြီး လုပ်ငန်းနှောင့်နှေးမှု မရှိစေရန် စီမံထားရှိရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လေယာဉ် ပြေးလမ်းကို သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် တည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ကျိုင်းတုံလေယာဉ်ကွင်းသည် ယခင်ပြေးလမ်း အလျားပေ၄၇၀၀၊ အကျယ်ပေ ၅၀ရှိပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ဆက်လက်တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယခုအခါ အလျားပေ ၇၇၀၀၊ အကျယ် ၇၅ပေအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး အလေး ချိန် ၆၂ တန်ရှိ လေယာဉ်ကြီးများ ဆင်းသက်နိုင်စေရန် လေယာဉ်ပြေးလမ်းကို အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၅၀အထိ တိုးချဲ့တည်ဆောက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလေးထားဆောင်ရွက်

ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ–တာချီလိတ်လမ်းတစ်လျှောက် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မိုင်းဖြတ်မြို့သို့ရောက်ရှိကြရာ မိုင်းဖြတ်မြို့ တပ်နယ်ခန်းမ၌ မိုင်းဖြတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်တစ်ရပ်လုံးရှိ ဝန်ထမ်းအားလုံးအတွက် သက်သာချောင်ချိရေးအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရ၏စေတနာကို နားလည်လျက် ဝန်ထမ်းအားလုံး တက်ညီလက်ညီဖြင့် ကျရာတာဝန်များကို ကြိုးပမ်းလုပ်ကိုင်ကြရန်၊ တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံအားပေး

ဖေဖော်ဝါရီ ၂ရက်နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးမှု အခြေအနေ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်ပေးနေမှု၊ ဝန်ထမ်းမိသားစုအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကာ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းမများနှင့် စာသင်ဆောင်များကိုလှည့်လည် ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ချုပ်မှု တာဝန်ခံ ဒေါ်ခင်မြဝေက လိုက်ပါရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျိုင်းတုံမြို့ အစိုးရကွန်ပျူတာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကောလိပ်တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ အစိုးရကွန်ပျူတာ ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်စန္ဒီဗိုလ်နှင့် နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးစိုင်းတစ်အောင်တို့က ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

လဂွမ်းပြင်ရေလှောင်တမံတူးဖော်မှုလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေစစ်ဆေး လုပ်ငန်းများစံချိန်မီအမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီတွင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအနီး ရန်ကုန်–ပဲခူးခြောက်လမ်းသွားလမ်းမကြီး၌ လဂွမ်းပြင်ရေလှောင်တမံမှ အမှတ် (၁)လက်တံမြောင်းဖြတ်မည့် နေရာသို့ရောက်ရှိလာရာ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးမြတ်သူ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအနီး၌ လဂွမ်းပြင်ရေလှောင်တမံအမှတ် (၁) လက်တံမြောင်းမှ ရန်ကုန်–ပဲခူးခြောက်လမ်းသွား လမ်းမကြီးကိုဖြတ်၍ တူးဖော်မည့်နေရာ အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အမှတ်(၁) လက်တံမြောင်းတူးဖော်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးသို့ ရောက်ရှိလာပြီး လဂွမ်းပြင်ရေလှောင်တမံမှ အမှတ်(၂) လက်တံမြောင်းမှ ရန်ကုန် – ပဲခူးခြောက်လမ်းသွား လမ်းမကြီးအားဖြတ်၍ တူးဖော်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အင်းဒဝယ်ကျေးရွာအနီး၌ လဂွမ်းပြင်ပင်မရေမြောင်းမကြီး တူးဖော်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး စက်ယန္တရားကြီးများဖြင့် ပင်မရေမြောင်းမကြီး တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား လဂွမ်းပြင်ရေလှောင်တမံသည် လှည်းကူး မြို့နယ်အတွင်း နွေစပါးဧက ၁၂၀၀၀နှင့် ပဲခူးမြို့နယ်အတွင်း နွေစပါးဧက ၁၀၀၀၀ အကျိုးပြုစိုက်ပျိုးနိုင်မည့်အပြင် ငမိုးရိပ်ဆည် လက်ဝဲမြောင်းမကြီးသို့ စိုက်ပျိုးရေ ဖြည့်ဆည်းပေးမည်ဖြစ်၍ ပင်မမြောင်းမကြီး တူးဖော်မည့်လုပ်ငန်းများနှင့် လက်တံမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို စံချိန်စံညွှန်းမီစွာ အမြန်ပြီးစီးရေး ဆောင် ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အတွင်း၌ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်ကြီးသည် ကလီထော်ရေလှောင်တမံမှ စိုက်ပျိုးရေများ တိုးမြှင့်ပေးသွင်းနိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ပင်မရေမြောင်းမကြီး တူးဖော်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့အား ကလီထော်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ကလီထော် ရေလှောင်တမံ၌ ရေသိုလှောင် ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ကလီထော်ရေလှောင်တမံသည်ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်ကြီးသို့ စိုက်ပျိုးရေ ပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် စိုက်ပျိုးရေ အလုံအလောက်ပေးသွင်းရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အထူးဇုန်(၂) တိုးချဲ့သို့ စိုက်ပျိုးရေပေးသွင်းနေသည့် ပင်မရေမြောင်းမကြီးအား စက်ယန္တရားကြီးများဖြင့် မြောင်းတိုးချဲ့တူးဖော်နေမှုအခြေအနေများကို လည်းကောင်း၊ အထူးဇုန် (၂) တိုးချဲ့အတွင်း ကလီထော်ရေလှောင်တမံမှ စိုက်ပျိုးရေများ ပင်မရေမြောင်းမကြီးမှ တစ်ဆင့် ပေးသွင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိပြီး အထူးဇုန် (၂) ရှင်းလင်းဆောင် တည်ဆောက်ပြီးစီးမှု၊ အထူးဇုန်(၂) ရှုရပ်မျှော်စင် တည်ဆောက်မှု၊ အထူးဇုန်(၂) အတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံ မြို့နယ် ရန်ကုန်–ပဲခူးခြောက်လမ်းသွား လမ်းမကြီးနှင့် အမှတ်(၃) လမ်းမကြီး လမ်းဆုံအနီး ဘားလားဒေသ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးထားရှိသည့် နွေစပါးခင်းများ၊ ရေမြောင်းများ၌ နွေစပါးရေပေးသွင်းရန် စိုက်ပျိုးရေပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

မောင်ဗမာစိန်မောင်၏ သင်တန်းအမှတ်စဉ်(၃) ၂၅၂ ရွှေဘုံသာ(အလယ်) လမ်း ပထမထပ်တွင် သင်တန်းအပတ်စဉ်(၂) ဖွင့်လှစ်မည်။ ကာယအလှမယ်များကို သင်ကြားပြသပေးသည့် နည်းစနစ်များအတိုင်း အမျိုးသမီးကိုယ်ကာယအလှနှင့်ကျန်းမာရေး သင်တန်းကို နည်းပြသင်တန်းနှင့်အတူ ပူးတွဲ၍ ဖွင့်လှစ်ထားသည်။ ယခုအပတ်တွင် အဝလွန်နေသူများ၊ အဆီချလိုသူများ တစ်လအတွင်း နည်းစနစ်မှန်ကန်စွာဖြင့် စက်ကိရိယာများကို အသုံးပြုပြီး တာဝန်ယူဆောင်ရွက်ပေးသည်။ သင်တန်းအမှတ်စဉ်(၁)ကို တောင်ဥက္ကလာ(၆)ရပ်ကွက် အားကစားရုံနှင့် အမှတ်စဉ်(၂)အမှတ် ၁၀၃ တိုက်(၂) အောင်ချမ်းသာအိမ်ရာ ရွှေဂုံတိုင်ဗဟန်းမြို့နယ်တို့တွင် ဖွင့်လှစ်ထားသည်။ အသေးစိတ်သိလိုပါက ဖုန်း–၀၉–၅၀၀ ၁၈၄၀ နှင့် ၂၄၆၄၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပုဂံထိပ်သီးအစည်းအဝေး၏သဘောတူညီမှုအရ မြန်မာနှင့်ထိုင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရန်ညှိနှိုင်းစီစဉ်ခဲ့ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်လိုအပ်ချက်များညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ပုဂံထိပ်သီးအစည်းအဝေး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာ–ထိုင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမဥ္စကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတွင် လေးနိုင်ငံစုပေါင်း၍သော်လည်းကောင်း၊ နှစ်နိုင်ငံချင်းသော်လည်းကောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း။

နိုင်ငံအတွက်အကျိုးရှိနိုင်

အဆိုပါ ပုဂံထိပ်သီးအစည်းအဝေး၏ သဘောတူညီမှုအရ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံဘက်ရှိ စက်ရုံများကို မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းတည်ထောင်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည့်အပြင် မြန်မာနိုင်ငံအတွက်ရော ထိုင်းနိုင်ငံအတွက်ပါ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိလာနိုင်မှာဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏လမ်းပန်းဆက်သွယ်မှု၊ စက်မှုလက်မှုနှင့် Infrastructure တည်ဆောက်မှုလုပ်ငန်းများ၊ စီးပွားရေးအထောက်အကူဖြစ်စေမည့် လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ကူညီမှုများ ပြုလုပ်ရန်ကိုလည်း သဘောတူခဲ့ကြကြောင်း။

ထို့ကြောင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသောယန္တရားများ၊ စက်ပစ္စည်းများအပါအဝင် မိမိတို့ ဝန်ကြီး ဌာနအလိုက် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ–ထိုင်း နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မြန်မာ–ထိုင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ မိမိတို့ဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပုဂံထိပ်သီးအစည်းအဝေး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာ–ထိုင်း နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၃၀ ရက်နေ့ထုတ် အိန္ဒိယနိုင်ငံ Hindustan Times သတင်းစာတွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိမှုနှင့် အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ ဖော်ပြထားရှိမှုကို တွေ့ရစဉ်။

(စွမ်းအင်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့၌စွမ်းအင်ဆိုင်ရာများဆွေးနွေး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်း မြန်ဆန်သွက်လက်စွာဆောင်ရွက်ရေး၊ ထွက်ရှိလာသောသဘာဝဓာတ်ငွေ့များ ဈေးကွက်သို့အမြန်ဆုံးတင်ပို့နိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ပြုလုပ်သော အိန္ဒိယ–မြန်မာ စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အစည်းအဝေးနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်သော မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဝန်ကြီး H.E. Mr. Ram Naik ၊ ပြည်နယ်ဝန်ကြီး H.E. Mdm. Mahajan နှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံပြီး နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသတွင် တွေ့ရှိထားသော သဘာဝဓာတ်ငွေ့သိုက်ကို ထုတ်ယူ သုံးစွဲရန် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် အိန္ဒိယနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို အများဆုံးထုတ်လုပ်ရောင်းချနေသော GAIL (Gas Authority of India Ltd) ကုမ္ပဏီ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပစ္စည်းများ တင်သွင်းမည့် Angelique International Ltd ကုမ္ပဏီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံပြီး ရခိုင်ကမ်းလွန်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးအစီအစဉ်များ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပစ္စည်းများ ဆောလျင်စွာ သဘောင်္တင်နိုင်ရေးတို့ကို ညှိနှိုင်း ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် အိန္ဒိယနိုင်ငံတွင် ရှိနေစဉ်ကာလအတွင်း ယင်းနိုင်ငံရှိ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံပြီး လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော စီးပွားရေး၊ နိုင်ငံရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး Mr. Ram Naik ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (စွမ်းအင်)

ကိုလုံဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော် အန္တိမစျာပနဂူဗိမာန်တော်သွင်းအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ကိုလုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကိုလုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ကျေးဇူးတော်ရှင် ကိုလုံဆရာတော်ကြီး သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကိုလုံသာသနာ့ဗိမာန်ကျောင်းဆောင် စံကျောင်းတော်၌လည်းကောင်း၊ အန္တိမစျာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းဆောင်၌လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဥတုဇရုပ်ကလာပ်တော်အား ဂူဗိမာန်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ဂူသွင်း သဂြိုဟ်ပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





❑ ဆလုံကျွန်းမှ

သံလွင်သင်္ဘောပေါ်တွင် တရုတ်၊ မြန်မာ၊ ဥရောပအစားအစာများ၊ ကာရာအိုကေနှင့် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ခရီးသည်ခန္ဓနှုန်းထားများမှာ ရိုးရိုးတန်း လူကြီး ကျပ်၅၀၀၀၀၊ ကလေး ကျပ် ၂၅၀၀၀၊ နိုင်ငံခြားသား ယူနစ် ၃၀၀ ဖြစ်ကြောင်းသိရသည်။ ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် အထူးဈေးနှုန်းစီစဉ်ပေးမည်ဖြစ်သည်။ လက်မှတ်များကို လွယ်ကူစွာဝယ်ယူနိုင်ရန် ယမုံနာကုမ္ပဏီလီမိတက် အမှတ်(၁၁/A) မြေနုလမ်း မြေနီကုန်း ဖုန်း-၅၂၆၇၂၂၊ ရွှေအိမ်ကမ္ဘာကုမ္ပဏီလီမိတက် အမှတ်(၂၅၁) ပထပ်(ညာ) ၃၇လမ်း(အထက်) ကျောက်တံတား ဖုန်း-၀၉-၉၉-၂၆၁၃၁၊ ၂၄၉၁၁၈၊ OCEAN-WIDE International Myanmar အမှတ်(၂၇၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း (၇)လွှာ အခန်း(၂၃) အေးရှားပလာဇာ ဖုန်း-၂၄၀၈၇၅နှင့် ဦးမြင့်စိုး ဖုန်း-၂၂၄၄၈၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)
၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	ယူးချောင်းတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇:၁၀	၆။	သီချင်းကြီးပဒေသာ
၁၇:၂၅	၇။	ကျင်းသာရေလှောင်တမံ
၁၇:၃၅	၈။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၄၅	၉။	ကြွခိုင်ကျန်းမာပြည်မြန်မာ
၁၇:၅၅	၁၀။	(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကြိုတင်ပြင်ဆင်မှုများ (အခြေခံပညာအဆင့်)
၁၈:၀၅	၁၁။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၅	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success in Soccer
၁၉:၁၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၇။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၀	၁၈။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖားစည်သံဝေ ကရင်တို့ဌာနေ"
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ "**တုံ့မယူလို**" (အပိုင်း-၂၃)

အမည်ပြောင်း

အဖဦးမြင့်မောင်၏သမီး တတိယနှစ် သတ္တဗေဒ (ဒဂုံတက္ကသိုလ်) ကမ္ဘာဇ(ကမာရွတ်)ဘဏ်ခွဲမှ မခင်ဝါဝါမြင့် ၁၁/သတန(နိုင်)၀၆၀၆၆၀အား ယနေ့မှစ၍ မအိချိုဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိချိုဇင်**

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးကြည်)-ဒေါ်နီတို့၏သား၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း-ဒေါ်မြသူဇာတို့၏ညီ၊ ဒေါ်မာလာကြည် (လက်ထောက်မန်နေဂျာ၊ မြန်မာ့မီးရထား)၏ မောင်

မောင်မင်းနောင် B.Sc (Zoology)

ခရိုင်ဦးစီးအရာရှိ (မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာန)

နှင့်

ဘိုကလေးမြို့နေ ဦးစိန်မောင်-ဒေါ်အေးလှတို့၏သမီး

မခင်မျိုးနွယ် B.A(History)

(အလယ်တန်းပြ)

တို့၏ ၃၁-၁-၂၀၀၄ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန(I.B.C)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်းနှင့်ဇနီး ဒေါ်ခင်မြနွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီးဒေါ်သန့်ဇင်မြင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းထွန်းနှင့်ဇနီး ဒေါ်ယဉ်မေ၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးသော ဗိုလ်မှူးကြီးမိုးမြင့်နှင့် ဇနီးဒေါ်ဝေဝေမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၏ဇနီး ဒေါ်ခင်မိမိလေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဘိုကလေးမြို့နယ် မြို့နယ်တရားသူကြီးဒေါ်ဌေးဌေးနှင့် ကူညီဆောင်ရွက်ပေးခဲ့သော ကိုအောင်ကြီးနှင့်ဇနီး မဥမ္မာမိသားစုအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မနီနီနွယ်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သားလေးကျော်ဇင်သန်းနှင့် သမီးလေးမယဉ်ငြိမ်းမင်း၊ မင်္ဂလာသတို့သား၊ သတို့သမီးအရန် ဗိုလ်ကြီးတင်အောင်ဝင်း၊ မခင်သန္တာမော်၊ မင်္ဂလာပန်းကုံး၊ လက်စွပ်နှင့်ရွှေဆွဲကြိုးဇုန်းများ ကိုင်ဆောင်ပေးသော မသူဇာကျော်တင်၊ မအေပရယ်မိုး၊ မယဉ်ယဉ်သန်းတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာဖြင့် ကူညီဆောင်ရွက်ပေးသော စန္ဒရား Dr. သိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ရတနာဉီး၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ် ဝင်းမြင့်၊ မာလစ်(မလေးရှား)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ I.B.Cမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းနောင်-မခင်မျိုးနွယ်။

မွေးနေ့ဆုမွန်လွှာ

သားသား **"ကောင်းခန့်စည်သူ"**၏ ၄-၂-၂၀၀၄ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာ၊ ချမ်းသာ၊ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်စေရန် ဆုမွန်ကောင်းတောင်းလျက်....

ဖေဖေ-ဗိုလ်ကြီးဝင်းမောင်(ဘဏ္ဍာ/အခွန်)
မေမေ-ဒေါ်ခင်သီတာသိန်း

စာမျက်နှာ ၁၃ မှ

ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဇန်နဝါရီ ၃၁ ရက်တွင် သွားရောက်ခဲ့ပြီး မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ တနင်္သာရီကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများကို မြန်ဆန်သွက်လက်စွာဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ဈေးကွက်သို့ အမြန်ဆုံး ပို့နိုင်ရန် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ စွမ်းအင်ဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးတင်မြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်ထောက်အမှုဆောင်အင်ဂျင်နီယာ ဦးကျော်ခိုင်သိန်းတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● အသက်(၁၈)နှစ်အောက်မှ

ပထမအကြိမ် အသက်(၁၈)နှစ်အောက်ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါနှင့် ဘူတန်နိုင်ငံတို့မှ လူငယ်လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်ခုနစ်သင်းကို အုပ်စုနှစ်စုခွဲထားရာ အုပ်စု(က)တွင် ထိုင်း၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(ခ)တွင် မြန်မာ၊ ဘူတန်၊ နီပေါနှင့် အိန္ဒိယတို့ ပါဝင်ကြသည်။

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန်အတွက် အသက်(၁၈)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာလူငယ်အသင်းတွင် အုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဆေးမှူးအဖြစ် ဒေါက်တာအောင်ကျော်ဦးတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမား ၂၀ ပါဝင်ရာ (ဂိုး)ထွန်းထွန်းလင်း၊ ကျော်မင်းလှိုင်၊ (နောက်တန်း) ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ ဝင်းမင်းထွဋ်၊ ထွန်းထွန်းဝင်း (၂)၊ မင်းမင်းထွန်း၊ အောင်ထွန်းလင်း၊ ဇော်မျိုးမင်း၊ အောင်ဇော်မျိုး၊ (အလယ်တန်း) ဘိုဘိုအောင်၊ ဇော်ဇော်၊ ထွန်းထွန်းဝင်း(၁)၊ မျိုးမင်းထွန်း၊ အေးမင်းထွန်း၊ ကျော်ကျော်စိုး၊ စည်သူမောင်၊ (ရှေ့တန်း)ထွန်းမင်းဦး၊ ဆန်းအေးသိန်းနှင့် အောင်လတ်သူတို့ ဖြစ်ကြသည်။

ချန်ပီယံအသင်း

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာလူငယ်အသင်းသည် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အသက် (၁၈) နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခဲ့သော မြန်မာလူငယ်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာနှင့်အိန္ဒိယ

မြန်မာနှင့် အိန္ဒိယတို့ဘောလုံးယှဉ်ပြိုင်မှုမှတ်တမ်းအရသည်ဘက်ဆယ်စုနှစ်အတွင်း၌ အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ၌သာ ဆုံတွေ့ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၂ ခုနှစ် ယူအေအီးနိုင်ငံ၌ ကျင်းပခဲ့သည့် အသက်(၁၇) နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့ တစ်အုပ်စုတည်းကျခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အိန္ဒိယ လူငယ်အသင်းက မြန်မာလူငယ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာရှလူငယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာ လူငယ်အသင်း၌ ပါဝင်ခဲ့ကြသော မြန်မာလူငယ်အသင်းမှ အားကစားသမား ၁၅ ဦးတိတိ ယခု မြန်မာလူငယ်အသင်း၌ ပြန်လည်ပါဝင်လျက်ရှိသည်။

အုပ်စုပွဲစဉ်

မြန်မာလူငယ်အသင်းသည် အိန္ဒိယလူငယ်အသင်းနှင့်ယှဉ်ပြိုင်ကစားပြီးနောက် ဖေဖော်ဝါရီ၅ ရက်တွင်ဘူတန်လူငယ်အသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် နီပေါလူငယ်အသင်းနှင့်လည်းကောင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



VACANCIES

(For Local Service Only)

We are a leading marketing and distribution company and are looking for the well qualified personnel for the following post.

1. **Product Manager(Ethical Drugs) (2 Nos)**
   - Must be a Medical Graduate or Pharmacist.
   - Must have at least 3 year of product management in pharmaceutical filed.
2. **Product Manager(OTC Product) (2 Nos)**
   - He or she will be responsible to develop and market the OTC product line.
   - A sound experience in marketing management of the OTC or Consumer product are highly required.
3. **Medical Representative (3 Nos)**
   (Yangon, Mandalay and Mawlamying)
   - Reporting to the supervisor, he or she will be responsible to promote the ethical product range.
   - willing to travel to any city within Myanmar for Medical promotion
   - Experience in Pharmaceutical Marketing will be of advantage.
4. **Sale Manager (Yangon and Mandalay)(3 Nos)**
   - Medical Graduate/Pharmacist/Science Graduate.
   - At least 3-year experience in extensive cover age of country with sound contact within in the pharmaceutical market.
   - Self-motivated, dynamic, dedicated, and able to work efficiently under work pressure.
   - Must also have a good inter-personal and communication skill.
   - Must be able to travel and able work at various branches occasionally.
5. **Senior Accountant(Yangon) (2 Nos)**
   - Must have CPA or RA qualification.
   - Self-motivated, dedicated, and able to work efficiently under work pressure.
6. **Merchandising Supervisor (2 Nos)**
   (1 Vacancy for Yangon and 1 vacancy for Mandalay)
   - A university graduate with previous working experience in merchandising/sale/advertising.
   - within to travel to other cities for merchandising.

Very Attractive remunerations will be offered.
Please submit CV with a photo, previous experience and labour registration copy to Pacific Pharmaceuticals Ltd. C/O GPO Box. 905, Yangon, Myanmar.

အုတ်ဖိုမြို့၌ ဆွမ်းဆန်တော်လှူဒါန်းပွဲကျင်းပမည်

အုတ်ဖို ဇန်နဝါရီ ၃၁

အုတ်ဖိုမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ကကြီးမှူး၍ သာသနာ့ အကျိုးတော်ဆောင်အဖွဲ့မှ ဦးဆောင်ကျင်းပသော မန္တလေးမဟာအောင်မြေမြို့နယ် ရေပန်းကျောင်းတိုက် ကံ့ကော်ပင်ကျောင်းရှိ စာချစာသင် သံဃာတော် အရှင်သူမြတ်ရဟန်း၊သာမဏေများအား ဆွမ်းဆန်တော်များကို နှစ်စဉ် လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် ပဲခူးတိုင်း အုတ်ဖိုမြို့ရှိ သာသနာ့အကျိုးတော်ဆောင် အဖွဲ့က ၁၃၆၅ခုနှစ် တပို့တွဲလကွယ်နေ့တွင် မန္တလေးမြို့ ရေပန်းကျောင်းတိုက် ကံ့ကော်ပင်ကျောင်း သံဃာတော်များကိုယ်စား အရှင်တေဇနိယ (အုတ်ဖို)အား အုတ်ဖိုမြို့သူမြို့သားများနှင့် အများပြည်သူကုသိုလ်ရှင်များက အုတ်ဖိုဓမ္မာရုံသာသနာ့ဗိမာန် တော်ကြီး အတွင်း၌ ရေစက်ချမင်္ဂလာ အခမ်းအနားဖြင့် ဆွမ်းဆန်တော်များ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၇ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ပြီးစီးသော ရုံးပင်ကုန်းကျေးရွာသဘာဝအလျှောက် ရေလှောင်ကန်တွင်း ကျေးရွာနေပြည်သူများ ရေသုံးစွဲမှုများအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးဝင်းကျော်က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

တောင်ငူရွှေဆံတော်စေတီတော် ရွှေစင်ရွှေပြားလှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၃

တောင်ငူမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်တွင် ကိုးလက်မပတ်လည် ရွှေစင်ရွှေပြားကပ်လှူနိုင်ရန် အတွက် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် တောင်ငူမြို့ (၁၆)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က အခေါက်ရွှေအလေးချိန် ၇၁ကျပ်၊ ၃ပဲ၊ ၅ရွေးကို မိမိ၏နေအိမ်တွင် အောင်မြင်ဇေယျ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် တောင်ငူမြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တ ဇဝန ရှေ့မှောက်တွင် ရွှေဆံတော်စေတီမြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကထံ ရေစက်သွန်းချလှူဒါန်းသည်။**(အပေါ်ပုံ)**

ယခင်ကလည်း အလားတူ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်ကပင် ရွှေဆံတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ အခေါက်ရွှေ ၁၅ ကျပ်သားလှူဒါန်းထားကြောင်းသိရသည်။ သီရိသုဓမ္မသိင်္ဂီအဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ လှူဒါန်းသည့် အခေါက်ရွှေစုစုပေါင်း ၈၆ကျပ်၊ ၃ပဲ၊ ၅ရွေးရှိကြောင်း သိရသည်။**(က-ပ)**

တွန်းဇံမြို့ သာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွန်းနှင့်ဝန်ထမ်းများ ဇန်နဝါရီ ၂၄ရက်က မြို့ပေါ်ရှိ ရပ်ကွက်လမ်းဆိုင်းဘုတ်များ တပ်ဆင်ခြင်းနှင့် မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက် ရမည်ဟူသော ဆိုင်းဘုတ်များ စိုက်ထူကြစဉ်။
(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂၂ရက်က မကွေးမြို့ နည်းပညာကောလိပ် အဝင်လမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျောက်များဝယ်ယူ စုဆောင်းမှုအခြေအနေကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

ကိုနီကာဒစ်ဂျစ်တယ် ဓာတ်ပုံအမြန်ဆေး၊ကူးဆိုင်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကိုနီကာဒစ်ဂျစ်တယ် ဓာတ်ပုံ အမြန်ဆေး၊ ကူးဆိုင် Dora color lab & photo studio ဖွင့်ပွဲ အခမ်းအနားကို အခန်း (၃)၊ ရန်ကင်းစင်တာတိုးချဲ့အဆောက်အအုံ၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာ အနီးတွင် ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ Mr. Hiroyasu Endo, General Manager of Konica Minolta Photo Imaging Asia H.Q. Pte., Ltd. (Myanmar Office) နှင့် U Thein Aung Managing Director of Golden Golory Industries Ltd.တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

Dora Color lab & photo studio တွင် ကိုနီကာ၏ နောက်ဆုံးပေါ် ဒစ်ဂျစ်တယ် ဓာတ်ပုံဆေးကူးစက် အသစ် R1 Superဖြင့် အရည်အသွေး မြင့်မားသောဓာတ်ပုံကူးလုပ်ငန်းကို ဆောင်ရွက်ပေးနေကြောင်း ရိုးရိုးဖလင်မှ ဓာတ်ပုံ ကူးယူခြင်း၊ ဒစ်ဂျစ်တယ်ကင်မရာမှ ဓာတ်ပုံ ကူးယူခြင်း၊ ဒစ်ဂျစ်တယ် အချက်အလက်များဖြစ်သည့် FD, CD Rom, Memory Cardများမှ ဓာတ်ပုံကူးယူခြင်း၊ မိမိဓာတ်ပုံဖြင့် ပြက္ခဒိန်ထုတ်ယူခြင်း၊ဒီဇိုင်းပုံများဖြင့်ဓာတ်ပုံ ထုတ်ခြင်း၊ ပုံဟောင်းများကို ပြုပြင်ပြီး ပုံသစ်ကူးယူခြင်း အစရှိသည့် ဒစ်ဂျစ်တယ် ဓာတ်ပုံနှင့် ပတ်သက်သော ဝန်ဆောင်မှုများ ရရှိကြောင်း သိရသည်။

ထို့အပြင် Digital photo studio တွင် လိုင်စင်ဓာတ်ပုံ၊ အလှပုံ၊ မိသားစုပုံ၊မင်္ဂလာအခမ်းအနားပုံစသဖြင့် ရိုက်ကူးနိုင်ကြောင်း သိရသည်။ **(က-ပ)**

သဒ္ဒါ၊ အရေးနှင့် အပြောသင်တန်းများဖွင့်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ပ တက္ကသိုလ်ကောလိပ်များသို့ တက်ရောက်လိုသူများ၊ အင်္ဂလိပ်စာ ကျွမ်းကျင် တတ်မြောက်လိုသူများအတွက် ၃၃လမ်း(အထက်) ဝဇီရာရပ်ရှင်ရုံဘေး အခန်း ၂(ဘီ)၊ ဖုန်း- ၅၈၄၉၉၇ နှင့် ၀၉ ၅၀၁၅၀၁၆ တွင် ဆရာဦးဝင်းကြည်မောင်သည် Survival English Course များကို ဖွင့်လှစ်ပို့ချလျက် ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် သင်တန်းလာရောက် မတက်ရောက် နိုင်သည့် ပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းရှင်များသည် သီးသန့် သင်ယူနိုင်ရေး အတွက် ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

လှိုင်ဆမ်ဆစ်စာပေ အမှတ် ၉၆(လေးလွှာ) လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည့် မောင်စိန်ဝင်း(ပုတီးကုန်း)၏ ပန်းတောမှာ ကြွေနေသည် စာအုပ်မျက်နှာဖုံး။
(က-ပ)

ဖေဖော်ဝါရီ ၂ရက်က ကြို့ပင်ကောက်မြို့ သာယာလှပရေးအတွက် ပန်းဥယျာဉ်အတွင်းမြေခင်း အလှဆင်လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(ဝ၄ဝ)

တိုင်းရင်းဆေးအသစ် ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

အစွမ်းထက် မြန်မာ့ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ရှမ်းဆရာကြီး ဦးစိုင်းဆေးတိုက်မှ ခါးနာ၊ ဒူးနာ၊ အကြောတက်၊ ထုံကျဉ်ကိုက်ခဲ၊ လေဖြတ်ခြင်းတို့အတွက် ဦးစိုင်းလိမ်းဆေး၊ ဝမ်းတွင်းအပူပုပ်များ၍ ညောင်းညာခြင်းများအတွက် ဦးစိုင်းအကြောပြေ အပုပ်ချဆေးနှင့် မူးဝေမောပန်း ချောင်းဆိုးခြင်းများအတွက် စိန်ငါးလုံးသွေးဆေးတို့အပြင် ယခုထပ်မံ၍ ရှမ်းဆရာကြီး ဦးစိုင်းလျက်ဆားကို ထုတ်လုပ်ထားသည်။ ယင်းလျက်ဆားသည် အစာမကြေ၊ ရင်ပြည့် ရင်ကယ်၊ သလိပ်ကပ်၊ အသံဝင်၊ ချောင်းဆိုးခြင်းများအတွက် အားထားရမည့် တိုင်းရင်းဆေးစွမ်းကောင်းတစ်လက်ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ တိုင်းရင်းဆေးများကို ရှမ်းဆရာကြီး ဦးစိုင်းဆေးတိုက် အမှတ် ၂၄ ဒေါ်သိန်းတင်လမ်း ၉၂လမ်းထိပ် ကန်တော်ကလေး ရန်ကုန်မြို့ ဖုန်း- ၀၁ ၃၇၂၇၆၀၊ ၇၂၂၂၀၆နှင့် အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုန်သည် စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အားကစားရေးရာ ကော်မတီက ကြီးမှူး၍ ရွှေသံလွင်ကုမ္ပဏီ ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ ကုန်သည် စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိကြသူများအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ အားကစားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်း တို့က ဆုများကိုပေးအပ်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် ရွှေသံလွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းအား ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

(သတင်းစဉ်)

ဇန်နဝါရီ၃၀ ရက်က ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေထံ အလှူရှင် ဒေါ်ကြူကြူ ကိုယ်စား ဦးမောင်မောင်က ပြည်ထဲရေးဝန်ကြီးဌာန မူခင်းကျဆင်းရေးနှင့်ပညာပေး သတင်းထုတ်ပြန်ရေးကော်မတီ အတွက် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းစဉ်။ (ပြည်ထဲရေး)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

May Education Center တွင် နွေရာသီသင်တန်းများကို အသက် ၇နှစ်မှ ၉နှစ်အရွယ် ကလေးများအတွက် English for Children၊ အသက် ၁၀နှစ်မှ ၁၄နှစ်အထိ Level I English နှင့် အသက် (၁၅)နှစ်မှ (၁၈)နှစ်အတွက် Level II Englishသင်တန်းများကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ သင်ကြားမည်ဖြစ်ပြီး မတ် ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ထို့ပြင် Institutional Testing Program ဖြင့် စစ်ဆေးသည့် ITP/ TOEFL စာမေးပွဲကို မတ် ၇ ရက်တွင် ကျင်းပမည်ဖြစ်၍ ဖြေဆိုမည့်သူများ ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ May Education Center တွင်စာမေးပွဲဝင်ခွင့်ပြင်ဆင်မှုသင်တန်းများဖြစ်သည့် TOEFL, IELTS, SAT, LCCI, GOE(Eng) သင်တန်းများအပြင် General English, Speaking, Executive English, Business English, Tourism English, English for Teachers, Preparation for Interviews သင်တန်းများကို လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အမှတ် ၉၁(က) ဗညားဒလလမ်း (တာမွေလမ်း) သျှင်ပါကူဆေးခန်းအနီး ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း- ၅၄၄၂၂၄၊ ၅၄၅၃၇၅သို့ နေ့စဉ် နံနက် ၇ နာရီမှ ည၇နာရီအတွင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

Bookman Publishing House တိုက် ၂ အခန်း ၁ (မြေညီ) လှည်းတန်း လမ်းမ ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၂၄၁၈ က ထုတ်ဝေဖြန့်ချိသော မျိုးကိုမျိုး၏ ပို့စ်မော်ဒန်ပုံပြင်များ စာအုပ်မျက်နှာဖုံး။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုအေးက စတုတ္ထတန်းမှ ပညာရည်ချွန်ဆုရရှိသူ မောင်ပြုံးမောင်မောင်အား ဆုချီးမြှင့်စဉ်။ (၄၀၀)

နိုင်ငံခြားဘာသာစကား သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

Aung Language Centre ၌ ဝါရင့်ဆရာများ၏စေတနာဖြင့်အင်္ဂလိပ်၊ ဂျပန်၊တရုတ်၊မလေးရှားနှင့် ကိုရီးယား၊ ထိုင်း အခြေခံစာရင်းရေး၊ စာရင်းကိုင် သင်တန်းများကို တတ်ကျွမ်းအောင် ဖေဖော်ဝါရီ ၇ ရက်တွင် ဖွင့်လှစ်မည် ဖြစ်ရာ ဘာသာရပ်အားလုံးကို စနေ၊ တနင်္ဂနွေ နေ့များတွင်သာ သင်ကြားပေးမည်ဖြစ်သည်။

အထူးဘာသာအဖြစ်ဂျပန်ဘာသာကို အခြေခံပိုင်နိုင်စွာ တစ်ဦးချင်း ခေတ်မီထိရောက်သော နိုင်ငံတကာ စာအုပ်များမှ သင်ရိုးညွှန်းတမ်းများနှင့် တနင်္လာနေ့မှ သောကြာနေ့ထိ တစ်ပတ် ငါးရက် နံနက် ၈ နာရီမှ ၉ နာရီခွဲ၊ ၁၀ နာရီမှ ၁၁ နာရီခွဲထိ အစိုးရဝန်ထမ်းများအား ညနေ ၅ နာရီခွဲမှ ည ၇ နာရီထိ၊ အရှေ့ ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း(၁)၊ ရန်ကင်းကြားမှတ်တိုင်အနီး(ရန်ကင်းသဲကွင်းအနီး) မင်းထိုက်စာပေ အိမ်ဖုန်း-၅၅၅၉၉၂ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဣန္ဒာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် ညနေတွင် သစ်သီးဆွမ်းတော်ကြီးတင်လှူပြီး လပြည့်နေ့ ညနေ ၄ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၃၈ ပါးတို့အား ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းမည်ဖြစ်ရာ မည်သူ မဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပြပွဲ နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၃

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲ နောက်ဆုံးနေ့ဖြစ်သော ကောဒသမမြောက်နေ့ ဇန်နဝါရီ၃၁ ရက် တွင် ကျောင်းသား ကျောင်းသူများ၊ IT ပညာကို စိတ်ဝင်စားကြသော လူငယ်လူရွယ်များနှင့် ပြည်သူများ စည်ကားစွာလာရောက်ကြည့်ရှုလေ့လာကြသည်။

မြတ်သပြေ ကုမ္ပဏီလီမိတက်က ကံစမ်းမဲဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် အခန်းအမှတ်(၂၀၅)၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြပွဲကာလအတွင်း ငွေကျပ် ၅၀၀၀နှင့် အထက်ဝယ်ယူအားပေးကြသူများအား ပထမဆု P4 Brand New Computer တစ်လုံး၊ ဒုတိယဆု Epson Printer တစ်လုံး၊ တတိယဆု Power Tree UPSတစ်လုံးနှင့် ကံစမ်းမဲဖွင့်ပွဲသို့ တက်ရောက်လာသူများအား FM Radio အလုံး ၅၀ တို့ကို ကံစမ်းမဲဖောက်၍ ချီးမြှင့်ပေးသည်။

ပြပွဲကို ဇန်နဝါရီ၂၁ ရက်မှ ၃၁ ရက်အတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသခဲ့ရာ ပြပွဲကာလအတွင်း ပြည်သူစုစုပေါင်း တစ်သိန်းနှစ်သောင်းခန့် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)



ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အမှတ် (၈) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ရက်က ဆွေမွန်ခန်းမတွင်ကျင်းပရာ ဦးစီးအရာရှိ ဦးစောရိန်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၀၄၆)

(၂၈)ကြိမ်မြောက် အေဘီအမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

(၂၈)ကြိမ်မြောက် ကြည့်မြင်တိုင် အေဘီအမ်(ABM)ကျောင်း အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၄ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင် အေဘီအမ်ကျောင်းဝင်း ဆရာမကြီးဒေါ်လှရှိန်၏ နေအိမ်ဝင်းအတွင်း၌ နှစ်စဉ်ကျင်းပမြဲ အတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ရီရီမေ ဖုန်း-၂၂၀၃၇၀၊ ဒေါ်ရင်မေ ဖုန်း-၅၂၆၂၄၈၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၅၃၅၅၄၆၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်စွမ်(ရှမ်းမ) ဖုန်း-၂၂၃၂၅နှင့် ဒေါ်လွင်လွင်ကျော် ဖုန်း-၅၇၈၉၂၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မွေးနေ့ဆုတောင်း

ဗိုလ်လောင်း ရန်နိုင်အောင်

တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၁၁)သားလေးရဲ့ ၄-၂-၂၀၀၄ ရက်မှာ ကျရောက်တဲ့ (၁၇)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံအကျိုးသယ်ပိုးနိုင်တဲ့ သားကောင်းတစ်ယောက် ကျော်ကောင်းတစ်ဆော့ ဖြစ်ပါစေ။

ဖေကြီး - ဗိုလ်မှူးအောင်မင်း
မေကြီး - ဒေါ်စံပယ်

ဗိုလ်လောင်းရန်နိုင်အောင်

(ပ-နှစ် DSMA)

၄-၂-၂၀၀၄ရက်မှာကျရောက်တဲ့(၁၇)နှစ်မြောက်မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဘိုးဘိုး၊ဘွားဘွား၊ဦးဦး၊ဒေါ်ဒေါ်
အစ်ကို၊အစ်မများနှင့် ညီမလေး ထက်သီရိလွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၁/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော် ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်သည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့ တူးဖော်လိုသည့် သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည်၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှစ၍ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -
(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၂-၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉-၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄-၂-၂၀၀၄ ရက်နေ့မှ ၄-၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-
(က) နိုင်ငံသားစိစစ်ရေး လက်မှတ်။
(ခ) ပညာအရည်အချင်း အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း ရေ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

အဆင့်/အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀/-
(ခ) တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀/-
(ဂ) တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀/-
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀/-
(င) အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀/- နှုန်းဖြင့် ၅၀၀/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀၀/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ရေ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ တာဝန်ထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်သန်းကြည်

အသက် (၆၀)

အသင်းဝင်အမှတ် (၄၄၂)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၆၁၃၊ နွယ်နီ (၃)လမ်းနေ (ဦးအောင်ကြည်)၏ဇနီး ဒေါ်သန်းကြည်သည် ၂၈-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တောကျွဲအင်းမြို့နေ ဦးကြာညွန့်-ဒေါ်ခင်သန်း
တို့၏ ဒုတိယသား
စိုင်းကျော်စွာလင်း B.E (Civil)
အင်ဂျင်နီယာမှူး၊ စည်ပင်သာယာရေးဦးစီးဌာန နှင့်
ပဲခူးယ်ကုန်းမြို့နေ ဦးသောင်းညွှန့်-ဒေါ်စိန်စိန်ယုံ
တို့၏ တစ်ဦးတည်းသောသမီး
နန်းကျော့ကေခိုင်(ခ)ပုံ့ပုံ့ B.Sc(Maths)
Dagon University

တို့သည် ၃၀-၁-၂၀၀၄ရက်တွင် ပဲခူးယ်ကုန်းမြို့ စိန့်အန်းဗုဒ္ဓဘာသာ ကွမ်ရင်ဘုံကျောင်းခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအား ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမိဘ မိတ်ဆွေသူငယ်ချင်း အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းကျော်စွာလင်း-နန်းကျော့ကေခိုင်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

[illegible]
မောင်မျိုးသူအောင် နှင့်
[illegible]
မခင်ခင်မြင့် B.Sc (Maths)
တို့သည် [illegible] ၁-၂-၂၀၀၄ ရက်တွင် Western Park I Restaurant၌ [illegible]

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသူအောင်-မခင်ခင်မြင့်။

အထက(၆) ဗိုလ်တထောင် (ယခင်စိန်ပေါလ်)ကျောင်း ဆဌမအကြိမ် ၁၉၆၅-၁၉၈၀နှင့် ဒုတိယအကြိမ် ၁၉၈၁-၁၉၉၀ မြတ်ဆရာပူဇော်ပွဲ

၁၉၆၅-၁၉၈၀ နှင့် ၁၉၈၁-၁၉၉၀ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ၂-၃-၂၀၀၄ အင်္ဂါနေ့ (တောင်သူလယ်သမားနေ့) တွင် ပထမပိုင်းကို ၁၉၆၅-၁၉၈၀ခုနှစ် ဆရာကြီး၊ ဆရာမကြီးများအား နံနက် ၈နာရီခွဲတွင်လည်းကောင်း၊ ဒုတိယပိုင်းကို ၁၉၈၁-၁၉၉၀ ခုနှစ် ဆရာကြီး၊ ဆရာမကြီးများကို နံနက် ၁၁နာရီတွင်လည်းကောင်း ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်းများ စုံစုံညီညီ တက်ရောက် ကြည်ညိုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက

ဦးမျိုးမင်း(ရင်တွင်းဖြစ်)	၅၆၅၅၉၅
ဦးတင်မောင်ထွေး(မန်းရွှေဂုဏ်ဧည့်ရိပ်သာ)	၂၄၀၀၁၅
ဦးမြင့်ထွန်း(မဥ္ဇူပုံနှိပ်တိုက်)	၂၄၉၃၅၉
ဦးခင်မောင်သန်း(ယုဇနဒံပေါက်)	၂၅၄၇၅၀
ဒေါ်စောကြည် ၆၆၊ သစ်တောလမ်း၊ အလုံ	၂၂၂၁၆၁
ဒေါ်မြမြ ၂၉/၁၀၊ ကြို့ကုန်းရိပ်သာ	၆၆၃၅၁၉
ဒေါ်ခင်တင့်	-
ဒေါ်မေမေသင်း ၆၁၊ ဘုန်းကြီးလမ်း	၂၂၉၀၅၉
ဦးတေဇာအောင်လွင်	၂၉၆၆၃၅
ဦးညိုမင်း	၂၉၉၂၇၄
ဆရာမဒေါ်လှကြည်	၅၇၁၄၃၀

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်
အောင်ဇေယျ(၂)လမ်း၊ အိမ်အမှတ် ၃၁ နေ
ဦးကျော်သာအောင်-ဒေါ်မြစိန်တို့၏သားလတ်
မောင်တင်ညွှန့် (First Engineering)
Bay Point Marine Co., Ltd. နှင့်
ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ် ၂၉ ရပ်ကွက်၊
အကွက်(၃၀)ဇေယျာသီရိလမ်း၊ အိမ်အမှတ် ၆၆ နေ
ဦးအုန်းသာ-(ဒေါ်အုန်းနု)တို့၏ သမီးထွေး၊
ဦးမောင်မောင်အေး (Director C-D Intertrate Co., Ltd.
ထွန်းမြတ်အောင်ကုမ္ပဏီလီမိတက်)-ဒေါ်စန်းစန်းမြင့်တို့၏ညီမ
မခင်ဝေမူ

တို့သည် ၃-၂-၂၀၀၄ရက်တွင် အမှတ်(၆၆)ဇေယျာသီရိလမ်းနေအိမ်၌ နှစ်ဖက်သောမိဘ ဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ညွှန့်-မခင်ဝေမူ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

သန်လျင်မြို့နေ၊ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ရေ/ငြိမ်း)+ဒေါ်တင်တင်
တို့၏တစ်ဦးတည်းသောသား
မောင်တင်မောင်မောင်စိုး B.Sc (Maths) နှင့်
သန်လျင်မြို့နေ ဒေါက်တာဦးစိုင်းထွန်းအေး+ဒေါ်ယဉ်ယဉ်နွဲ့(ခ)ဒေါ်အေမိ
တို့၏သမီးငယ်
မယဉ်နှင်းအေး B.Sc (Maths) တို့၏

၃၁-၁-၂၀၀၄ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မျိုးတင့်(ငြိမ်း) နှင့် ဇနီး ဒေါ်မြို့ကို၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဗိုလ်မှူးချုပ်သိန်းငွေ(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ရွှေ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော မိတ်ဆွေသင်္ဂဟများနှင့်မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်မောင်မောင်စိုး-မယဉ်နှင်းအေး။

လက်ထပ်ပြီးစီးခြင်း

အမှတ် (၃)ရပ်ကွက်၊ ကွမ်းခြံရွာ တောင်သာမြို့နေ
(ဦးမြသောင်း)-ဒေါ်ဥတို့၏ ဒုတိယသား
မောင်ဇော်နိုင်ဦး
B.Sc (Zool)
(ဒုတိယဦးစီးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စဉ့်ကိုင်မြို့)
နှင့်
လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် ၈၊ အခန်း ၁၆၊ ရန်ကုန်မြို့နေ
ဦးအေးဖေ (ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တောင်သာမြို့)-ဒေါ်စိန်လွင်တို့၏ တစ်ဦးတည်းသော သမီး
မအေးအေးမွန်
B.Sc (Maths) Q, LCCI (Level-II)
တို့သည် ၃၁-၁-၂၀၀၄ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်နိုင်ဦး-မအေးအေးမွန်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ဦးဂျပန်(ခ)ဦးသိန်းလွင်-ဒေါ်စန်းစန်းတို့၏သမီးဖြစ်သူ မစောနွယ်ဦး ၁၃/ရစန(နိုင်)၀၀၀၂၃၅ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးဂျပန်(ခ)ဦးသိန်းလွင်-ဒေါ်စန်းစန်း
ပင်ဖြစ်ကျေးရွာ၊ ရပ်စောက်မြို့နယ်

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း- ၂၄၅၆၂၀၊ ၂၄၅၆၄၂

ကန့်ကွက်နိုင်ပါသည် မော်တော်ယာဉ် ဘ/၅၉၄၇ (တိုယိုတာဟိုင်းလတ်)၊ ၆က/၉၇၇၃ (တိုယိုတာဟိုင်းလတ်)၊ ယ/၁၆၅၆၂ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညနရုံး(လွယ်လင်)**

ကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း)၊ ရေစကြို

သာကေတမြို့၊ ဇရာဝဏ်ရိပ်သာ၊ တိုက်အမှတ်(၈)နေ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ(ငြိမ်း) မကျန်းမာစဉ်က ကုသပေးခဲ့ကြသော ပါမောက္ခနှင့် ဆရာဝန်၊ ဆရာမများ၊ ဗဟိုစည်အထူးကုဆေးခန်းမှ ဒါရိုက်တာနှင့် ဆရာ၊ ဆရာမများအား လည်းကောင်း၊ ဈာပနကိစ္စအဝဝကို လိုလေသေးမရှိအောင် ကိုယ်တိုင်တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးသည့် ကုန်းလမ်းပို့ဆောင်ရေးမှဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဆက်သွယ်ရေးတပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ဝန်ထမ်းများ၊ ရေစကြိုမြို့နယ်အသင်းမှ ဦးစိန်မြင့်နှင့် ဦးပေါ်၊ ဦးမြင့်လွင်နှင့်ဇနီး ဒေါ်စီစီတို့အား လည်းကောင်း၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသည့် ရေစကြိုမြို့နယ် အသင်းနာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ဝမ်းနည်းကြောင်းသတင်းမေးပြီး ကျန်ရစ်သူမိသားစုအား နှစ်သိမ့် စကားပြောကြားကြသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူး တင်ထိုက်သူ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း

ကျွန်တော် ကျွန်မတို့၏သမီး လေး မခင်ဖြိုးကြည်(၁၈-၁-၂၀၀၄ရက်တွင် စင်ကာပူနိုင်ငံ၌ကွယ်လွန်)အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ပူဆွေးသောက ရောက်ခဲ့ကြပြီး သမီးလေး၏ဈာပနကို ကြင်နာသနားစွာ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသော စင်ကာပူနိုင်ငံ မြန်မာသံရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ Mr. Alan Liu (Director International), Mr. Hans Anderson (Recruitment Manager), The Management (Nanyang Institute of Management), Mr. Jack Lim & Mrs. Nancy Teo, B.P.L Group, Soil & Foundation (Pte)., Ltd. မှ Director Mr. Allen Ng, Dr. Win Naingနှင့်ခေတ္တစင်ကာပူရောက် မြန်မာမိတ်သင်္ဂဟ ကျောင်းသူ ကျောင်းသားများ၊ ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ဦးစီးနာယကများမှသည် အသင်းသူ အသင်းသားများ၊ ကွမ်းခြံကုန်းမြို့မှ သားချင်းမိတ်ဆွေသင်္ဂဟများ၊ M.I.E.C မှ ဆရာ ဆရာမများ၊ ပဆလမှ ဆရာများ၊ ရောင်းရင်းများ၊ ပြည်/အင်းစိန် G.T.Iမှ ကျောင်းသား ကျောင်းသူဟောင်းများ၊ Y.C.D.Cမှ သူငယ်ချင်းများ၊ လမ်းမတော်မြို့နယ်မှ မိတ်ဆွေများ၊ အထက(၄)ဗိုလ်တထောင်မှ ဆရာမများနှင့် ကျောင်းသူဟောင်းများ၊ K.M.D မှ ကျောင်းသား ကျောင်းသူဟောင်းများ၊ စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ သန်လျင် တံတားအိမ်ရာမှ ရပ်ကွက်သူ ရပ်ကွက်သားများနှင့်တကွ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ ဆက်သွယ်မှုအမျိုးမျိုးဖြင့် နှစ်သိမ့် အားပေးကြသော မိတ်သင်္ဂဟများ၊ လှူဒါန်းဖွယ်ရာ ဝတ္ထုပစ္စည်းများပေးပို့ကြသော မိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း ပေးပို့ကြသူများနှင့်တကွ ကျေးဇူး တင်ထိုက်သူများအားလုံးကို နက်ရှိုင်းစွာကျေးဇူးတင်ရှိပါကြောင်း မိသားစု၏ နှလုံးသား ကမ္ဘည်းထက်တွင် တစ်သက်တာမှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေး

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၃၁၊ အမှတ်(၂)ရပ်ကွက်၊ ၇၁ လမ်းနေ (ဦးမြလွင်)-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွေး (MPPE) - ဒေါ်စန်းရီ၊ (ဦးအောင်တိုး)-ဒေါ်ခင်စိန်ဝင်း၊ ဦးအုံး ကြည်-(ဒေါ်ချိုချိုနိုင်)၊ ဦးသန့်ဇော်လှ (စည်ပင်၊ရေ/သန့်)-ဒေါ်ပိုပိုနိုင်၊ဦးသက် နိုင် (MPPE) - ဒေါ်ကြည်ကြည်မြင့် တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၂-၂-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၄ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း

(မြန်မာ့လေကြောင်း)

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၈(အေ)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင် မြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးရီကြည်- ဒေါ်အေးရီ)တို့၏သား၊ (ဦးဘိုကြီး- ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ခင် သန်း(မြန်မာ့လေကြောင်း၊ငြိမ်း)၏ခင်ပွန်း၊ မောင်ညီညီမိုး-မနန္ဒာဝင်း၊ မောင်ဇေယျာ စည်သူဝင်းတို့၏ဖခင်၊ မောင်စွမ်းပြည့်စုံ အောင်၏အဘိုးသည် ၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၄-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အောက်ပုဇွန်တောင် နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်ဆန်းဝင်း

B.A Eco, Centre Co-Operative-College

M.G.S Beverages Co., Ltd.

ကျောက်ဖြူ-စနဲ(အလယ်ပိုင်း)

အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ဃ/၂၊ အခန်း ၂၊ ပိတောက်လမ်း၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်းနေ ဦးဘချို (ကျောင်းဆရာကြီး၊ ငြိမ်း)- (ဒေါ်အေးခင်ဦး)တို့၏သား၊ ဦးမောင် မောင်ဝင်း S.A.E - ဒေါ်ခင်ဝင်းမူ၊ မမေမေဝင်း (ကျောင်းဆရာမ)၊ မသန်း သန်းဝင်း (ကျောင်းဆရာမ)-ကိုမွေးလှ ဖြူ၊ ကိုအောင်ဝင်း-မမြသိန်းနုတို့၏ညီ/ မောင်၊ မထွေးထွေးဝင်း၏အစ်ကိုသည် ၂-၂-၂၀၀၄ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ဟုတ် (ကျုံမငေး)

(အငြိမ်းစား၊ လ/ထတိုင်းပညာရေးမှူး၊ ပဲခူးတိုင်း)

အသက်(၈၀)

ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင် စိန်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၆၇/၂၊ ၆ လမ်း၊ မြင်သာ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ဆုံ၏ခင်ပွန်း၊ (ဦးမြင့်ဦးမောင်)- ဒေါ်တင်တင်နွယ်၊ ဦးထင်လင်းမောင်- ဒေါ်အေးအေးတိုး၊ ဗိုလ်မှူး ညီဇော်မြင့်- ဒေါ်ခင်လဲ့လဲ့မွန်(ကထိက၊ရက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါ်ခင်အေးအေး မွန်တို့၏ဖခင်၊ ကျုံမငေးမြို့နေ ဒေါ်တင် တင်လှ၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်း၊ ဦးသိန်းထိုက်-ဒေါ်စန်းစန်းမြင့်၊ဦးအောင် ဖုန်း-ဒေါ်ခင်စစ်အေး၊ ဦးသန်းလွင်- ဒေါ်အေးအေးသင်၊ ဦးမောင်မောင်တို့၏ အစ်ကိုကြီး၊ ဦးဝင်းကို-ဒေါ်အေးသန္တာ၊ ဦးစည်သူ-ဒေါ်သီဂီမျိုးမြင့်၊ ဦးစစ်တိုင်း အောင် - ဒေါ်ယဉ်ဝင်းဝင်းအောင် (လက်ထောက်ကထိက၊ ဓာတုဗေဒ ဌာန)၊ ဦးဝေဖြိုးလင်း-ဒေါ်နွေဦးလွင်၊ ဦးစစ်သွေးအောင်-ဒေါ်သဉ္ဇာထွန်းတို့၏ ဘကြီး၊ မချမ်းမြေ့ကျော်၊ မောင်ကျော်စွာ အောင်၊ မနှင်းဝေလင်း၊ မောင်ဟိန်းထက် အောင်၊ မမေမီမောင်၊ မောင်ထက်လင်း အောင်၊ မယွန်းပွင့်အောင်၊ မောင်အောင် မင်းခန့်တို့၏ဘိုးဘိုးကြီးသည် ၃-၂- ၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီတွင်ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းစိန် (ချောင်းဦး)

အသက်(၅၈)နှစ်

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကျည်ကုန်းကျေးရွာနေ ဦးမင်းဒင်- ဒေါ်မြမေတို့၏သမီး၊ (ဦးလှကျော်- ဒေါ်ပိုင်)တို့၏သမီးချွေးမ၊ ဦးလှဌေး၊ ဒေါ်နန်းစိန်တို့၏ညီမ၊ ဦးစံပ-ဒေါ်လှ မြင့်၊ဦးထွန်းအောင်-ဒေါ်ဟန်ရင်၊ဦးကျင် စိန်-ဒေါ်ခင်ဌေးမြင့်တို့၏အစ်မ၊ ဦးမျိုး မြင့်သန်း-ဒေါ်ငြိမ်းငြိမ်း၊ (ဦးသစ်လွင်)- ဒေါ်ညွန့်မြိုင်၊ ဦးသိန်းတန်-ဒေါ်သန်း သန်းနွဲ့(ရွှေပြည်သာ)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ ဦးလှထွန်း၏ ဇနီးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၂-၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အောင်ဆန်း မြို့ ထန်းတပင်ကျောင်းတိုက်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (ပခုက္ကူ)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၅၊ အခန်း ၁၁ နေ (ဦးကျော်ဒွန်း-ဒေါ်သီ)တို့၏သမီး၊ (အငြိမ်းစားတိုင်းမင်းကြီး ဦးတင်မောင်)၏ ဇနီး၊ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး ပါမောက္ခ ဒေါက်တာဦးလှမင်း(တပ်မတော် ဆေးရုံကြီး၊ မင်္ဂလာဒုံ)-ဒေါ်ခင်ခင်အေး၊ (Mr. Nagai)-ဒေါ်ခင်ခင်သိန်း၊ ဦးအေးကို၊ (ဦးဇော်သက်)-ဒေါ်ခင်ခင်ထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃-၂-၂၀၀၄ရက် နံနက် ၈း၁၅ နာရီတွင် ကန်တော်ကြီး ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ချို(ခ)ဦးကောက် (ဝါးခယ်မ)

B.E, Mechanical

အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ၇/ဈေးလမ်းမကြီး၊ အမှတ် ၁၀၄၈ နေ ဦးအငယ်-(ဒေါ်ကျင်)တို့၏သားထွေး၊ (ဦးမောင်အေး- ဒေါ်ကျင်မွေး)တို့၏သားသမက်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဒေါ်သန်းရင်၊ ဒေါ်အုန်း ကျင်၊ ဦးဝင်းကြည်-ဒေါ်အေးအေးသက်၊ ဦးလှခိုင်-ဒေါ်ခင်ရီတို့၏ညီ/မောင်၊ ဦးမောင်မောင်-ဒေါ်မြင့်ကြည်၊ ဦးရွှေကို-ဒေါ်တင်လှတို့၏အစ်ကို၊ မောင်နေမျိုး မောင်မောင် (YTU Diploma in Mechanical၊ တတိယနှစ်၊ သချာ်)၊ မမျိုးမဉ္ဇူ(ဆေးဝါးကျွမ်းကျင်၊ ဒုတိယနှစ်)၊ မောင်အောင်မျိုးသူ (အထက-၂၊ သာကေတ)တို့၏ဖခင်သည် ၂-၂-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁း၃၅ နာရီ တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါ သည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်လှသန်း (ကွမ်းခြံကုန်း)

(လူထုပညာရေးမှူး၊အငြိမ်းပတ်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်းလမ်း၊ အမှတ် ၁၃ နေ (ဦးရန်မြ - ဒေါ်တင်နု)တို့၏ သမီး၊ ဦးဝန်-ဒေါ်ကြည်ကြည်၊ (ဦးထွန်း ကြည်-ဒေါ်အေးမြင့်)၊ (ဦးအုန်းဖေ)- ဒေါ်ယဉ်နုတို့၏တူမ၊ (ဦးသင်-ဒေါ်အေး မြင့်)တို့၏ညီမ၊(ဦးဘငြိမ်း)-ဒေါ်ခင်စန်း တို့၏အစ်မကြီး၊ မခိုင်နွယ်ထွန်း၏မိခင် သည် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဘထွန်းအုပ်

လ/ထအင်ဂျင်နီယာ၊စက်မှု(ငြိမ်း)

(ဆလရ)

အသက်(၆၆)နှစ်

ပျဉ်းမနားမြို့နေ (ဦးအောင်သိန်း- ဒေါ်ခင်စိန်)တို့၏သား၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၇၀၊ ယ-၄/၈၆ နေ ဒေါ်ညွန့်ခင်၏ခင်ပွန်း၊ (ဒေါ်ခင်ချိုဦး)၊ ဦးကျော်ကျော်လွင်(ဒု စာရင်းကိုင်) - ဒေါ်ခင်ချိုလတ်(တ- စာရင်းကိုင်)၊ ဦးအောင်ခိုင်(ဆောက်လုပ် ရေး)-ဒေါ်ခင်ချိုထွေး(စက်မှုကျွမ်းကျင်- ၁၊ ပဲခူး ထပ်ဆင့်လွှင့်ရုပ်သံ)၊ ဒေါ်ခင် ချိုနွယ် (နည်းပြ၊ ပခုက္ကူ တက္ကသိုလ်) တို့၏ဖခင်၊ မောင်အောင်ကျော်ဇော၊ မောင်ဇေယျာတင်ထူးတို့၏အဘိုးသည် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ် လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင် မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း (မိသန်း) (မြိတ်)

အသက်(၄၃)နှစ်

အမှတ် ၄၁၄(ခ)၊ ဘုရင့်နောင် ၁ လမ်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်းနေ ဦးတိုးအောင်၏ဇနီး၊ မြိတ်မြို့၊ ဘုရား ကိုးဆူ၊ ကြံတောကွက်သစ်နေ (ဦးအောင် တင်-ဒေါ်ဂေါ်သင်)တို့၏ သမီးကြီး၊ မောင်အောင်မင်း၊ မထက်ထက်အောင်၊ (မောင်မျိုးမင်းသိန်း)၊ မမေသက်ကြည် (အထက-၂၊ စမ်းချောင်း)၊ အောင်မြတ် သူ၊မောင်သက်ထွေးအောင်(အထက-၅၊ မရမ်းကုန်း)တို့၏မိခင်သည်၁-၂-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၅-၂- ၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်အောင်လွင်

အသက်(၃၆)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးစိန် အောင်-ဒေါ်မြဝင်းတို့၏သား၊ တောင် ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၀ လမ်း၊ အမှတ် ၅၅၈ နေ ဦးမျိုးနိုင်- ဒေါ်မြထွေးတို့၏သားသမက်၊ ဒေါ်လေး လေးမော်၏ခင်ပွန်း၊ မစုစုလွင်၊ မောင် ထက်အောင်ရှိုင်းတို့၏ ဖခင်သည် ၃- ၂-၂၀၀၄ရက် (အင်္ဂါနေ့)တွင် သဃ်န်း ကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

မန်းထွန်းကြိုင်

(အင်းသောင်ကြီးရွာ၊ကျုံပျော်)

အသက်(၇၃)နှစ်

ကျုံပျော်မြို့နယ်၊ အင်းသောင်ကြီးရွာ နေ (ဦးဘိုးရှိန်း-ဒေါ်စိန်လှ)တို့၏သား၊ (ဒေါ်သိန်းငွေ)၊ (မန်းမြစိန်)-ဒေါ်အေး ကြည်၊ ဒေါ်အုံးရှင်၊ ဦးအက်စ်တင်အောင် (အငြိမ်းစား၊ လဝက၊ ဦးစီးအရာရှိ)- ဒေါ်အေးမေတို့၏မောင်/ညီ၊ ဦးမောင် ကျော်-ဒေါ်ကျင်လှိုင်၊ ဦးထွန်းထွန်း (အငြိမ်းစား၊ ငွေချေးမန်နေဂျာ)-ဒေါ်လှ ဌေး၊ဦးအောင်သန်း(အငြိမ်းစား၊ကထိက၊ ဆရာအတတ်သင်၊ တောင်ကြီး)-ဒေါ် ဟန်နာ(အငြိမ်းစား၊ဂီတအိုင်၊ကလော)- ဦးမြင့်သိန်း(အငြိမ်းစား၊ အလုပ်ရုံခွဲမှူး၊ အလုံ၊အချိုရည်စက်ရုံ)-ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းအောင်(ဒုညွှန်မှူး၊ သစ်တောဦးစီး ဌာန၊ပဲခူး)-ဒေါ်ကျင်စီတို့၏အစ်ကိုသည် ၂-၂-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ဆာကူရာဆေးခန်း၌ကွယ်လွန် သွားပါသဖြင့် ၄-၂-၂၀၀၄ရက်(ဗုဒ္ဓဟူး နေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဦး (ခ)

U Eddi Richardson

Chief Guide

(Operation Director)

Myanmar Tourex Travel Service Ltd.

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံ လမ်း၊ အမှတ် ၂၇၉၊ ဒုတိယလွှာနေ (ဗိုလ်ကြီးချစ်စိန်၊ ငြိမ်း-ဒေါ်ကြည်ကြည် စိန်)တို့၏သား၊ ဦးကျော်ရွှေ-ဒေါ်ခင်စိန် တို့၏သားသမက်၊ ဒေါ်ချိုပြုံး(ခ)ဒေါ်မေ ဇင်နိုင်၏ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်တင်တင်အေး၊ ဦးဌေးအောင်-ဒေါ် မာလာစိန်တို့၏ညီ/မောင်၊ မအေးသန္တာ မြင့် (ပဥ္စမတန်း၊ အထက-၁၊ ဒဂုံ)၊ မောင်ဉာဏ်လင်းထက် (သူငယ်တန်း၊ အထက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၃- ၂-၂၀၀၄ရက် နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ထွန်းလင်းအုပ်(ခ)

ထူးဝေယံကျော်(ခ)ဖိုးသား

ဆဋ္ဌမတန်း (A)

အထက(၅)ကြည့်မြင်တိုင်

အသက်(၁၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၂၁၊ အခန်း ၃ နေ (ဦးမြတ်ဆွေ) - ဒေါ်သိန်းသိန်း၊ (ဦးအောင်ထွန်း)-ဒေါ်ညွန့်ရီတို့၏ မြေး၊ ဦးကျော်ကျော်ဝင်း-ဒေါ်မြတ်ငယ်ထွေး တို့၏သား၊ ဦးစိုးလှိုင်-ဒေါ်မြတ်မိုးမိုး (လပြည့်ဝင်း ဂက်စ်ဆိုင်)၊ ဦးဘိုဘို- ဒေါ်မြတ်တိုးတိုး၊ ဒေါ်မြတ်ငယ်လေး၊ ဗိုလ်ကြီးမြတ်သူ(တပ်မတော်-ရေ)တို့၏ တူ၊ ထက်ထက်ကျော်ဝင်း၊ သက်သက် ကျော်ဝင်းတို့၏ အစ်ကိုသည် ၃-၂- ၂၀၀၄ရက် နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသိန်းလှ (မအူပင်)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၇ လမ်း၊ အမှတ် ၂၁၁/ခ နေ (ဒေါ်ကြည်)၏ခင်ပွန်း၊ ရဲမှူးကြီးသိန်းကြည် (ပဲခူးတိုင်း ရဲတပ်ဖွဲ့ မှူး)-ဒေါ်သန်းသန်းစု၊ ဦးထွန်းသိန်း (အပူပိုင်းစိမ်းလန်းစိုပြည်ရေး)-ဒေါ်စန်း စန်းဝင်း၊ ကိုညွန့်လွင်(စက်မှု-၂၊ ငြိမ်း)- ဒေါ်ခင်မျိုးသန့်၊ (ဦးလှဝေ)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက် ည ၁၀း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ညို (ဟောင်ပါး)

(မန္တလေးမြို့)

အသက်(၇၈)နှစ်

မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်၊ ၈၃ လမ်း၊ ၂၀ X ၂၈ လမ်းကြား၊ အမှတ် ၅၇ နေ (ဦးလှထွန်း)၏ဇနီး၊ (ဦးတင် လှိုင်) (ဒေါ်တင်မေထွန်း)၊ ဦးအုန်းရွှေ- (ဒေါ်တင်ကြည်ထွန်း)၊ ဗိုလ်မှူးချစ်ငြိမ်း (စစ်တက္ကသိုလ်၊ အငြိမ်းစား)-ဒေါ်သန်း သန်းစိန်(၄ဝါစတိုး)၊ ဦးသိန်းထူး-ဒေါ် သန်းမြထွန်း(ဦးကိုအေး အလှကုန်၊ စက် လှေကားအနီး၊ ဈေးချို)၊ မသန်းသန်းနု (ဝိသာခါစတိုး)၊ မသန်းသန်းဌေး (နယူး ဝမ်း၊ ဈေးရုံအောက်ဈေးချို)၊ ကိုတင်စိုး- မအေးရီ၊ မမြင့်မြင့်ဌေး၊ ကိုအောင်နိုင်စိုး- မခင်ဖုန်းတို့၏မိခင်၊ မြေး ၁၉ ယောက် တို့၏အဘွားသည် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက်(ဗုဒ္ဓဟူး နေ့) နံနက် ၁၁ နာရီတွင် အထက်ပါ နေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နီလှ(ခ)

ဒေါ်ကေတီ

(ဘားအံ)

အသက်(၇၆)နှစ်

ဘားအံမြို့နေ (ဦးဘိုးလှ-ဒေါ်မြိုင်) တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးဘ- ဒေါ်ငွေတင်)တို့၏သမီးချွေးမ၊ ရန်ကုန် မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၁) ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၅၈ နေ (ဦးထွန်းကြည်)(ဆောက်/လျှပ်၊ငြိမ်း)၏ ဇနီး၊ ဦးစိုးနိုင်၊ ဦးသိန်းအေး-ဒေါ်နီလာ ထွန်း(အမက-၂၇၊ တ/၃)၊ (ဦးစိုးလှိုင်)- ဒေါ်သန်းသန်းဝင်း၊ ဦးမောင်မောင်ဝင်း- ဒေါ်အေးသီတာ၊ ဦးသီဟထွန်းကြည်- ဒေါ်ဥမ္မာကျော်တို့၏မိခင်၊ မြေး ငါး ယောက်တို့၏ အဘွားသည် ၃-၂- ၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃း၄၀ နာရီ တွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၄ နာရီ တွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုနိုင်

(M.S.A.I Co., Ltd.)

အထက(၆)အလုံကျောင်းသားဟောင်း

အသက်(၄၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၃၆၅၊ အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးမြမောင်)-ဒေါ်တင်ရီတို့၏ သား၊ ဦးမြင့်ဦး (ကားဘော်ဒီ) - ဒေါ်မိမိမော် (မိခင်/ကလေး၊ အမျိုးသမီးရေးရာ၊ အလုံ)တို့၏မောင်၊ မလဲ့လဲ့ခိုင်၊ မောင် လှမင်း-မသီဂီမိုး၊ မောင်ဝင်းစိုး(First Top Co., Ltd.) - မတင်တင်လှိုင်၊ မဇာခြည်ဦးတို့၏အစ်ကို၊ ဒေါ်ခင်မြင့် ဆွေ၏ခင်ပွန်း၊မဇင်မေနိုင်(အထက-၂၊ အလုံ)၊ မယဉ်မင်းမြတ် (အထက-၂၊ အလုံ)တို့၏ဖခင်၊ တူ တူမ ခုနစ်ယောက် တို့၏ဦးလေးသည် ၂-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက်(ဗုဒ္ဓဟူး နေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မြဦး (စစ်တွေမြို့)

ကုန်သွယ်/လယ်ယာ

သိုရုံစုမှူး(ငြိမ်း)

အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ နေပူခံရပ် ကွက်၊ ဝင်္ဂဘာလမ်းနေ(ဦးမောင်စောလှ၊ ရွှေပန်းထိမ်ဆရာကြီး - ဒေါ်စံဦးဖြူ) တို့၏တစ်ဦးတည်းသောသား၊ (ဒေါ်စိန် မေ)၊(ဒေါ်စိန်လှ)၊ ဦးကျော်စိန်-ဒေါ်အေး မြခိုင်တို့၏အစ်ကိုကြီးသည် ၂-၂-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၃း၅၀ နာရီ တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဦးမောင်မောင်စိုး လမ်းသွယ်၊ အိမ်အမှတ် ၁၁၈-က ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတင်ရွှေ (ငြိမ်း)

ဗိုလ်သင်တန်းအပတ်စဉ်(၃၁)

အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ကော့မှူးမြို့နယ်၊နတ်စင် ကုန်းကျေးရွာနေ (ဦးထွန်းရင်-ဒေါ်အုံး မေ)တို့၏သားကြီး၊ အမှတ် ၃၁၊ ၁၄၁ လမ်း၊ တာမွေမြို့နယ်နေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဒေါ်တင်မေ၊ ဦးလှသောင်း၊ ဦးလှသိန်း၊ ဦးသန်းသန်း၊ ဦးလှမြင့်၊ ဦးတင်ထွေး၊ (ဒေါ်တင်စိန်)တို့၏အစ်ကို ကြီး၊ ဒေါ်မိုးမိုးတင် (အာရှဓနဘဏ်)၊ ဗိုလ်ကြီးတင်ရဲထွန်း(အိုး/အိမ်)-ဒေါ်မွန် မွန်ဆွေ၊ဗိုလ်မှူးရဲထိုက်(နတခ)-ဒေါ်နန်း ဥမ္မာ၊ ဦးကောင်းမြတ်-ဒေါ်သီတာအေး မြစိမ့်တို့၏ဖခင်၊ မြေး လေးယောက် တို့၏အဘိုးသည် ၁-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီ တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြမောင်

(မလှိုင်၊အောင်စည်)

အသက်(၆၀)

မလှိုင်မြို့နယ်၊အောင်စည်ကျေးရွာနေ (ဦးလှ-ဒေါ်တော်)တို့၏သား၊ ဒေါ်ခင် သိန်း၏ခင်ပွန်း၊ (ဦးထွန်းရီ)၊ (ဦးချစ် မောင်)-ဒေါ်နန်းနွဲ့နွဲ့ရီ(တောင်ကြီးမြို့) တို့၏ညီ၊ ဦးသန်းမောင်(ထေရဝါဒ ဗုဒ္ဓ တက္ကသိုလ်)၏အစ်ကို၊ ဦးမျိုးအောင် (ဆလက၊ဖျာပုံ)-ဒေါ်ခင်မိုးလှိုင်၊ ကိုတင် ထွန်းနိုင်၊ ကိုအောင်ဇော်နိုင်၊ ကိုအောင် ဇော်ခိုင်-မအေးအေးခိုင်၊ ကိုဝင်းထူးနိုင်၊ မောင်စွမ်းထက်နိုင် (X-A၊ အထက- ၂၊ ဒဂုံ)တို့၏ဖခင်သည် ၃-၂-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရန်ကုန်မြို့ အာရုတော်ဝင်အထူးကုဆေး ခန်း၌ကွယ်လွန်သွားပါ၍ ၅-၂-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက်အမှတ် ၃၄၊ အခန်း ၁၆၊ ဦးဝိစာရ အိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂- ၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ ဦးဝိစာရ အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း

(အောင်သရဖူဆောက်လုပ်ရေး)

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခ လမ်း၊ အမှတ် ၃၇နေ(ဦးစောလှအောင်)- ဒေါ်မြတို့၏သားကြီး၊ ဒေါ်မသောင်းနု၊ ဦးစိန်ထွန်းအောင်၊ ဒေါ်လှကျော့စိန် (အောင်သရဖူ)၊ ဦးဘသန်း(တော်ဝင် လင်းဆောက်လုပ်ရေး)၊ကိုအောင်စံသိန်း၊ ကိုဇော်ထွန်းနိုင်၊ မခင်မြထွေး၊ မောင် ဇော်မင်းထိုက်တို့၏အစ်ကိုကြီး၊ ဒေါ်ရီရီ လွင်၏ခင်ပွန်း၊မောင်သိန်းစိုးလွင်(ပထမ နှစ်၊ ရူပဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မောင် လှမော်ဟိန်း(အဋ္ဌမတန်း၊ အထက-၂၊ တာမွေ)တို့၏ဖခင်သည် ၂-၂-၂၀၀၄ ရက် (တနင်္လာနေ့) ည ၇း၃၀ နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ သဖြင့် ၄-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး

ဦးမောင်နီ(ခ)ဦးပညာဝရ

(ရွှေပန်းထိမ်ဆရာကြီး)

(စစ်တွေမြို့)

အသက်(၇၄)နှစ်

စစ်တွေမြို့၊မောလိပ်ရပ်ကွက်၊ကုန်သည် လမ်းနေ ဒေါ်ဝင်းမြစိန် (ဒေါ်မသာညို) ၏ခင်ပွန်း၊ ဒေါ်ခင်စောသိန်း-ဦးစော ညွန့်(R.O)၊ ဒေါ်ခင်စောနု (ဦးအေး မောင်)၊ ဒေါ်ခင်စောအေး-ဦးအောင်သန်း (စစ်တွေ စည်ပင်)၊ ဒေါ်ခင်ခင်အေး- ဦးသာနို့အောင် (နဝရတ်ရေစင် ဆေး ဆိုင်)၊ ဒေါ်ခင်ခင်မြ-ဦးညီညီဆွေ(မြေပုံ မြို့ စည်ပင်)တို့၏ဖခင်ကြီး၊ မြေး ၁၂ ယောက်တို့၏ အဘိုးရှင်သည် ၁-၂- ၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် စစ်တွေဆေးရုံကြီး၌ ဘဝနတ်ထံပုံလွန် တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၄-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဦးဓမ္မပါလကျောင်း တိုက်မှ သံဃာ့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး

ဦးမောင်နီ(ခ)ဦးပညာဝရ

(စစ်တွေမြို့)

(ရွှေပန်းထိမ်ဆရာကြီး)

အသက်(၇၄)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ (ဒေါ်မသာညို)၊ ဒေါ်ဝင်းမြင့်စိန်၏ခင်ပွန်း၊ ဦးသိန်းကျော် (ဌာနမှူး၊မြန်မာ့ရေနံ)-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ဦးလှယဉ်-ဗိုလ်မှူး ဦးစောဝင်း (ဒု ညွှန်ကြားရေးမှူး၊ နတလ)၊ (ဒေါ်သန်း သန်းနု) - ဒေါက်တာသာထွန်းကျော် (ဗဟိုငှက်ဖျားတိုက်ဖျက်ရေး)၊ ဒေါ်မြ အေး (မကွေး မြို့နယ်တရားရုံး)-ဦးအေး ထွန်း(စစစ၊ မကွေး)၊ ဒေါ်ခင်စောမြ- ဦးလှမောင်သိန်း၊ ဒေါ်နုနုသိန်း-ဦးစံ ထွန်း၊ဦးထွန်းတင်-ဒေါ်တင်တင်နွဲ့တို့၏ ဖခင်၊ မောင်အောင်ပိုင်ပိုင်(အထက-၄)၊ မစိမ့်ထူးထူး(အထက-၂)၊ မောင်ငွေ ထွန်း၊ မောင်သီဟဝင်း(T.T.C)၊ မောင် ကောင်းမြတ်မင်း (T.T.C)၊ မယွန်း အိန္ဒြာကျော်(T.T.C)၊ မသက်ထားဆွေ (အထက-၁)၊ မယမင်းအဥ္ဇလီ၊ မောင် ကောင်းပြည့်ဖြိုးသိန်း (အမက-၅)၊ အောင်ချမ်းမြေ့၊ ဟိန်းထက်စိုး၊ မသက် ထားသူဇာတို့၏အဘိုးရှင်သည် ၁-၂- ၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် စစ်တွေဆေးရုံကြီး၌ ဘဝနတ်ထံပုံလွန် တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၄-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ဦးဓမ္မပါလကျောင်း တိုက်မှ သံဃာ့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းတင် (ပဲခူး)

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

(ဝယ်/ရောင်း)(ငြိမ်း)

အသက်(၆၆)နှစ်

ပဲခူးမြို့၊ ဟသ်ာကုန်းနေ(ဦးခင်မောင်- ဒေါ်စောရှင်)တို့၏သမီး၊ ဒေါ်တင်ရီ၊ ဦးကျော်ဝင်း-ဒေါ်တင်အေးတို့၏ ညီမ၊ (ဦးဘမြင့်)၊ ဒေါ်တင်တင်၊ ဒေါ်မာ၊ ဦးတင်ထွန်း-ဒေါ်ခင်အုန်းမြင့်၊ (ဒေါ်ခင် အုန်းသစ်)တို့၏အစ်မ၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူဝင်း၊ ကျိုင်းတုံမြို့နေ ရဲအုပ် တင်လှိုင် (ယာဉ်ထိန်း တာဝန်ခံ)-ဒေါ် သန့်သန့်ဝင်းတို့၏မိခင်၊ မအိမင်းသော်၊ မောင်အောင်ခန့်-မရီမွန်အောင်၊ မနှင်းဆီ ခင်၊ မောင်ဝေယံအောင်၊ မလမင်းမိုမိုသာ တို့၏အဘွားသည် ၃၁-၁-၂၀၀၄ရက် (စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၂- ၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၂- ၂၀၀၄ရက် (သောကြာနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၉၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်စောသိန်း (မင်းပြား)

(စာတိုက်မှူး)(မင်္ဂလာဒုံလေဆိပ်)

အသက်(၄၉)နှစ်

မင်းပြားမြို့နယ်၊ ချောင်းနွယ်ရွာ (ဦးလှထွန်းဖြူ) - ဒေါ်ကြာလှဦးတို့၏ သား၊ မြောက်ဦးမြို့၊ ဘုရားပေါ်နေ (ဦးဘကျော်-ဒေါ်ဝါလှဖြူ)တို့၏ သား သမက်၊ ဒေါ်နုစိန်၏ခင်ပွန်း၊ မောင် ရဲထွန်းဘော်၊ မောင်ရဲထွန်းအောင်၊ မစော လှရွှေတူ၊ မစောလှသန္တာတို့၏ဖခင်သည် ၃-၂-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခြေခံကောင်းများကိုအမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးတွင်အကျိုးရှိစွာအသုံးချ ကျန်းမာရေးဆိုင်ရာအခြေခံများတိုးပွားစေရေးသုတေသနလုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင်စွမ်းဆောင် ဆေးသိပ္ပံပညာရပ်များ၊သုတေသနနည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအားထုတ်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရန်ကုန်မြို့ရှိ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သုတေသနညီလာခံကျင်းပရေး ကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သုတေသနညီလာခံတွင် စာတမ်းဖတ်ကြားမည့် စာတမ်းရှင်သုတေသီပညာရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ▼

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်၌ ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရာနီးလ်ဝီကရာ မဆင်ဟာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"နိုင်ငံတော်ပြိုကွဲရန်၊တိုင်းရင်းသားညီအစ်ကိုတို့၏စည်းလုံးညီညွတ်မှုနှင့်ပြည်ထောင်စုစိတ်ဓာတ်လျော့ပါးပျက်စီးရန်အကြံဖြင့် နယ်ချဲ့လက်ပါးစေအသံလွှင့်ဌာနတို့၏ သပ်လျှိုသွေးခွဲမှုလုပ်ရပ်ကို သတိချပ်ရန်ဖြစ်ပါသည်။"

ကြယ်ဖြူ၏ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးသော ပြည်ပအသံလွှင့်ချက်များ"**ကို စာမျက်နှာ (၈၊၉)၊ ဟသ်ာတမြင့်ငွေ၏ **"ခွန်အားသစ်များဖြစ်စေသတည်း"**ကဗျာကို စာမျက်နှာ (၃)နှင့် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းတို့ကို စာမျက်နှာ (၇)တွင် ဝေဝေဆာဆာဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

ယနေ့ထုတ်
မြန်မာ့အလင်း
စောင်ရေ
၁၉၈၇၉၇

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အသေးဆုံးသောမာစတာဒစ်

ဖေဖော်ဝါရီ ၂ရက်က တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ၏ အကြီးဆုံးမစ်ဆူရှီတာ လျှပ်စစ်ကုမ္ပဏီကြီးတစ်ခု၌ ကမ္ဘာပေါ်တွင် အသေးဆုံးသော အမ်ဒီပလေယာ(မာစတာဒစ်)ကိုအရောင်းဝန်ထမ်းတစ်ဦးက ပြသနေစဉ်။(အောက်ပုံ)

အဆိုပါအမ်ဒီပလေယာကို အက်စ်ဂျေ–အမ်ဂျေ ၉၇ ဟု အမည် ပေးထားပြီး အရွယ်အစားမှာ ၇၀ ဒသမ၇ X ၇၇ ဒသမ ၄ X ၁၀ ဒသမ ၂ မီလီမီတာရှိပြီးအလေးချိန်မှာ ကီလိုဂရမ်၅၀ သာလေးသည်။ယင်းပစ္စည်းကို မစ်ဆူရှီတာကုမ္ပဏီက ဈေးကွက်သို့ ဖေဖော်ဝါရီ ၁၀ရက်တွင် တင်ပို့၍ ယန်း ၂၅၀၀၀ ဖြင့် ရောင်းချမည်ဟု သိရသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၁ ရက်က တရုတ်နိုင်ငံ ဂွကျို့ ပြည်နယ် အနောက် တောင်ဘက် ကိုင်လီမြို့၌ လူနာနှစ်သစ်ပွဲတော် ကျင်းပရာတွင် အမျိုးသမီးငယ်တစ်ဦးက ရောမငွေဦးချိုပါ သရဖူ ဆောင်းထားသည်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)(အင်တာနက်)**



ဖေဖော်ဝါရီ ၃ရက်က မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ အသင်းရုံးချုပ်၌ ကျင်းပရာ အလှူငွေပေးအပ်ပွဲအပြီးတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အလှူရှင်များ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနအတွင်းကြည့်ရှုစဉ်။ (သတင်း–၃)(မြန်မာ့အလင်း)

အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့်အိန္ဒိယလူငယ်ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်(BIMST-EC)လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်(ယနေ့) ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ●

ဆလိုက္ကျွန်း၊သူငွေးကျွန်းနှင့် ကော့သောင်းမြို့များသို့ မြန်မာ့ကြယ်ငါးပွင့်မှသံလွင်သင်္ဘောထွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သံလွင်သင်္ဘောသည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃နာရီတွင် သာကေတဆိပ်ခံတံတားမှ ကော့သောင်းမြို့သို့ထွက်ခွာပေးမည်ဖြစ်သည်။ ခရီးစဉ်တွင် သူငွေးကျွန်း၊ ဆလိုက္ကျွန်းများသို့ သွားရောက်လည်ပတ်နိုင်ရေးစီစဉ်ထားပြီး ကိုကိုးကျွန်းခရီးစဉ်တွင် လိုက်ပါခဲ့သူများအတွက် ၁၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်းသိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❑

4-2 (20).p65 1 3/27/05, 5:58 PM